http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၂)

သီလပါရမီ

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

အရှင်ဝိလာသဂါလင်္ကာရ တည်းဖြတ်သည်

ဓမ္မဒါန

http://www.dhammadownload.com

သီလပါရမီ

အမောင်သုမေဓာ
သင်သည် ဘုရားအဖြစ်ကို အလိုရှိငြားအံ့...

စမရီသားကောင်သည် သူ၏အမြီးကို
အသက်စွန့်၍ စောင့်ရှောက်သကဲ့သို့
ထို့အတူ သင်သည်လည်း
အခါခပ်သိမ်း သီလကို
မပျက်စီးအောင် စောင့်ရှောက်၍
"သီလပါရမီ"ကို ဖြည့်ကျင့်ပါလော့ ....။

(ဒုဇွဝင်ပါဠိတော်)

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

မွေဒါနအလှူရှင်

http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၂)

" သီလဝါရဓိ "

ဝါရစီဆယ်ဝါး ဖြတ်တရားဒေထနာ

(သစ္စာရွှေစည်)

အရှင်ဝိလာသဂ္ဂါလင်္ကာရ တည်းဖြတ်သည်

http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၂) ပုံနှိပ်မှတ်တမ်း

၂၀၁၈-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ (၅၀၀၀)

တန်ဖိုး(၂၀၀)ကျပ်

ကွန်ပျူတာစာစီ ♦ မမွေဗျူဟာ-ဒေါ်ငွေးငွေးအောင်

ထုတ်ဝေသူ ♦ ဦးသီဟအောင် (၀၁၆၁၆)
သဒ္ဓမ္မစာပေတိုက်၊ အမှတ်(၉၈)၊ ဦးကြင်ဥလမ်း
၃၂-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်၊ ၅၄၄-အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

သစ္စာရွှေစည်စာစဉ်များကို
အုပ် (၁၀၀)နှင့်အထက်
ဓမ္မဒါနပြုလိုသူများအတွက်
တစ်အုပ်လျှင် (၁၅၀)

http://www.dhammadownload.com

မာတိကာ

၁။ သီလပါရမီ ၂
၂။ ဘုရားအဖြစ်ကို ပြုတတ်သော တရားများ ၃
၃။ သီလပါရမီ၏ဥပမာ ၅
၄။ သီလလေးမျိုး ၆
၅။ သီလပါရမီအရေးကြီးပုံ ၈
၆။ စွန့်နိုင်မှ ချမ်းသာမည် ၉
၇။ သီလရှိလျှင် ရရှိမည့်အကျိုးကျေးဇူး ၁၁
၈။ သီလတန်ခိုး အကျိုးငါးပါး ၁၂
၉။ အမွေးကြိုင်ဆုံး ရနံ့ ၁၄
၁၀။ မစင်အိုးရွက်တဲ့ သိကြားမင်း ၁၆
၁၁။ လူသားတို့ တန်ဖိုးထားသောအရာ ၁၇
၁၂။ သုခပတ္ထနာသုတ္တန် ၁၈
၁၃။ အူမတောင့်အောင် သီလစောင့်ရမည် ၂၀
၁၄။ သီလအကျိုး အမျိုးမျိုး ၂၁
၁၅။ မတောင့်တဘဲ ပြည့်တဲ့ဆု ၂၃
၁၆။ သီလပျက်ခြင်း၏အပြစ်များ ၂၆
၁၇။ ဆီမီးခွက်ဥပမာ ၂၇
၁၈။ မီးပြတိုက်ဥပမာ ၂၇
၁၉။ လောကကြီးကို ပျက်စီးစေသောတရား ၂၉
၂၀။ ဆန်သုံးထုပ်ဥပမာ ၃၁
၂၁။ ဘူရိဒတ်နဂါးမင်း ၃၃
၂၂။ ကာလအပိုင်းအခြားရှိသောသီလ ၃၈
၂၃။ နေ့ခံသုံးစံ ပြိတ္တာ ၄၀
၂၄။ ကာလပရိယန္တသီလ ဘာကြောင့်အကျိုးများ ၄၂
၂၅။ သံသရာသွား သင်္ဘောသား ၄၄
၂၆။ သီလပြည့်စုံခြင်း၊ ပျက်စီးရခြင်း အကြောင်းတရား ၄၈
၂၇။ သီလပါရမီတရားအနှစ်ချုပ် ၅၄
၂၈။ တရားနိဂုံး ၅၉

http://www.dhammadownload.com

"သစ္စာရွှေစည်စာစဉ်များ" ရန်ိုင်သောဌာနများ

၁ သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမင်းဝံရပ်၊ **စစ်ကိုင်းမြို့**။
(၀၇၂-၂၂၉၀၁၊ ၀၉-၄၉၂၆၉၃၃၀၊ ၀၉-၄၂၅၃၃၁၁၀၇)

၂ သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမှန်တင်ကျွန်းရွာ၊
ကျွန်းကလေးအုပ်စု၊ **လှည်းကူးမြို့**၊ ရန်ကုန်တိုင်း။
(၀၉-၄၄၈၀၀၉၇၆၉၊၀၉-၂၅၄၀၀၁၉၉၆)

၃ **မြန်မာ့ရှင် ကျောက်စီပန်းချီ**၊ ၅၂၊ မြေညီထပ်၊ ကြွေ(၁)ရွေ့၊
သမိုင်းဘူတာရုံလမ်း၊ သမိုင်းလမ်းဆုံအနီး၊ **မရမ်းကုန်း**
(၀၁-၆၆၃၀၄၂၊ ၀၉-၅၀၈၇၆၁၉၊ ၀၉-၇၃၀၀၉၆၆၇၆)

၄ **ဝိမုတ္တိတရားအလှူတော်နှင့် ယူနီကွန်ပျူတာ**
တိုက်-၁/၀၀၁ ၊ အနောက် အောင်မြေသာစည်အိမ်ရာ၊
ဆင်ရေတွင်း မှတ်တိုင်အနီး၊ **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**။
(၀၁-၅၀၀၇၄၀ ၊ ၀၉-၅၀၉၈၀၉၀)

၅ ဒေါ်ဌေးဌေးအောင် (**ခမ္မဗျူဟာစာစောင်**)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။(၀၁-၅၄၆၅၃၃၂၊ ၀၉-၃၀၀၉၄၅၀၆)

၆ ဦးဘဖိုး+ဒေါ်အုန်းကြည်(ပရဆေးဆိုင်)
အမှတ် ၄၆၇-၄၆၈၊ သိမ်ကြီးစျေး(ဒီရုံ)၊ **ရန်ကုန်မြို့**။
(၀၁-၂၄၀၆၀၀၀ လိုင်းခွဲ ၄၁၇၄)

၇ ဦးဝင်းကို+ဒေါ်ပေါက်၊ ၃၆-လမ်း၊ ၈၇-၈၈ ကြား၊
မစိုးရိမ်တိုက်ဟောင်းမြောက်ပေါက်၊ ရတနာပုံဆီစက်ဝင်း၊
မန္တလေးမြို့၊ (၀၂-၆၃၉၅၆၊ ၀၉-၅၁၄၉၈၈၅)

၈ ဒေါ်မဉ္ဇူ (ရွှေဒေါင်းယဉ်သင်္ကန်းတိုက်)၊ ဘုရားကြီးလမ်း၊
မုံရွာမြို့။ (၀၇၁-၂၁၂၉၇၊ ၀၉-၂၁၃၀၇၈၃)

http://www.dhammadownload.com

သာသနာတော်နှစ် ၂၅၆၀-ခု၊
ကောဇောသက္ကရာဇ် ၁၃၇၈-ခု၊ ကဆုန်လပြည့်ကျော်(၂)ရက်၊
(၂၃.၅.၂၀၁၆)၊ တနင်္လာနေ့တွင် ဓမ္မဒါနအလှူရှင်များဖြစ်သော
အတိုးအတွားများနှင့် ဖခင်ဦးဘကျိမ်း+မိခင်ဒေါ်အမာတို့အား
ရည်စူး၍
ဦးဝင်းတင်လတ်+ဒေါ်ဆွေဆွေမြင့် မိသားစုတို့၏
ဓမ္မဒါနကို အကြောင်းပြု၍
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
တံတားလေးလမ်း၀၊ သာသနာရေးနှင့် ယဉ်ကျေးမှု၀န်ကြီးဌာန၊
မဇ္ဈိမသီရိ ဓမ္မဗိမာန်တွင် ဟောကြားအပ်သော

"သီလပါရမီ"

ပါရမီဆယ်ပါး မြတ်တရားဒေသနာ

အပိုင်း(၂)

ဒီကနေ့ည တရားတော်မြတ်ကို နာယူကြည်ညိုဖို့ ရောက်ရှိလာကြတဲ့ အားလုံးသော တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့ကို ဦးဇင်းတို့ဘာတရား ဟောရမှာလဲ ဆိုလို့ရှိရင် ပါရမီဆယ်ပါးထဲက သီလပါရမီ။

http://www.dhammadownload.com

သီလပါရမီ

သီလပါရမီနှင့် ပတ်သက်ပြီးတော့ သီလနှင့် ပြည့်စုံမယ်ဆိုရင် ရရှိမည့် အကျိုးကျေးဇူးများ၊ သီလ ပျက်စီးမယ်ဆိုရင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခ ဆိုးကျိုး များ အပြစ်များ ဒါတွေကို ဦးစားပေးပြီး ပြောသွား ပါ့မယ်။

ဦးဇင်းတို့ ဘယ်ကနေ စတင်ပြီးတော့ နာယူ မှတ်သားကြမလဲ ဆိုလို့ရှိရင် သုမေဓာရှင်ရသေ့ ပါရမီ (၁၀)ပါးနှင့် ပတ်သက်ပြီးတော့ ဘုရားအဖြစ်ကို ပြု တတ်တဲ့တရားတွေကို စူးစမ်းရှာဖွေတဲ့ အခန်းကနေ စတင်ပြီးတော့ မှတ်သားကြည့်မယ်။

ဒီပင်္ကရာမြတ်စွာဘုရား၏ 'သင်ဟာ လာမည့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းမှာ ဂေါတမဗုဒ္ဓဆိုတဲ့ အမည်တော်နှင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်ဆို' တဲ့ ဗျာဒိတ်စကားကို ရပြီးတဲ့နောက်မှာ သုမေဓာ ရှင်ရသေ့ဟာ လူတွေ ပူဇော်ထားတဲ့ ပန်းပုံကြီးပေါ် မှာ ထိုင်ရင်းနှင့် ဘုရားအဖြစ်ကို ပြုတတ်တဲ့တရား တွေဟာ ဘယ်လိုတရားတွေလဲဆိုတာကို စူးစမ်း ရှာဖွေ ခဲ့တယ်။ အဲဒါကို ပါရမီပဝိစယဉာဏ်လို့ ခေါ်တယ်။

http://www.dhammadownload.com

သယမ္ဘူဉာဏ်လို့တောင် စာပေမှာ သုံးတယ်နော်။ ကိုယ်တိုင်သိတဲ့ ဉာဏ်ပေါ့။

တစ်ချိန်မှာ သဗ္ဗညုတဉာဏ်ကို ရဖို့အတွက် သယမ္ဘူဉာဏ်ဟာ ရှေ့ပြေး ပုဗ္ဗနိမိတ်လို့ ပြောတယ်။ အလွန်တရာမှ ကြီးကျယ်မြင့်မြတ်တဲ့ ဉာဏ်ပေါ့နော်။ အဲဒီဉာဏ်နှင့်ဘုရားအဖြစ်ကို ပြုတတ်တဲ့ တရားတွေကို ရှာတဲ့အခါမှာ ပထမဦးဆုံး တွေ့တာက ဒါနပါရမီ။ မနေ့က ပြောခဲ့တာနော်။

ဒီကနေ့ကျတော့ သီလပါရမီနှင့် ပတ်သက်ပြီးတော့ ဘုရားလောင်း သူတော်ကောင်းကြီး ဘယ်လို ရှာဖွေ တွေ့ရှိသလဲဆိုတာလေးက စတင် ပြောကြည့်ရအောင် ဟုတ်လား။

ဘုရားအဖြစ်ကို ပြုတတ်သောတရားများ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလောင်းတော်က ဒါနပါရမီကို ကျင့်သုံးဖို့ သူကိုယ့်သူဆုံးမပြီးတဲ့နောက်မှာ-

နဟေတေ တ္ထောကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိဓိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

http://www.dhammadownload.com

ဘုရားအဖြစ်ကိုပြုတတ်တဲ့အကျင့်တရားတွေ ပါရမီတရားတွေဆိုတာ ဒီဒါနတစ်ခုတည်း မဟုတ်ဘူး။ နောက်ထပ်လဲ ရှိရဦးမယ်ဆိုပြီးတော့ သူထပ်ပြီးတော့ ရှာတယ်။

ဝိစိနန္တော တဒါ ဒက္ခိ ၊ ဒုတိယံ သီလပါရမိံ။
ပဗ္ဗကေဟိ မဟေသီဟိ ၊ အာသေဝိတနိသေဝိတံ။

အဲဒီလို စူးစမ်းရှာဖွေတဲ့အခါမှာ ဒုတိယမြောက် သီလပါရမီဆိုတာကို တွေ့ရတယ်။

ကုမံ တွံ ဒုတိယံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
သီလပါရမိတံ ဂန္ဓ၊ ယဒိ ဟေမိ ပတ္တုမိစ္ဆသိ။

အမောင်သုမေဓာ သင်ဟာ ဘုရားအဖြစ်ကို အလိုရှိတယ်ဆိုရင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ရရှိချင်တယ်ဆိုရင် ဒုတိယမြောက် သီလ ပါရမီကို ကျင့်သုံးပါ။ သင်သည် သဗ္ဗညုတဉာဏ်ကို ရလိမ့်မယ်လို့ သူ့ကိုယ်သူ ဆုံးမတယ်။

သီလပါရမီနှင့် ပတ်သက်ပြီးတော့ ဘုရားလောင်း သူတော်ကောင်းကြီးက ဘယ်လို ဥပမာပေးပြီးတော့ သူ့ကိုယ်သူ ဆုံးမသလဲ။ သီလပါရမီကို ကျင့်သုံးဖို့ အတွက် သူ့ကိုယ်သူ ဘယ်လို တိုက်တွန်းခဲ့သလဲ။

http://www.dhammadownload.com

သီလပါရမီနှင့် ပတ်သက်တဲ့ ဥပမာကို စပြီးတော့ မှတ်ကြည့်မယ်နော်။

ဒါနပါရမီတုန်းကတော့ တစ်စုံတစ်ခုသော အရည်နှင့် ပြည့်နေတဲ့အိုးကို မှောက်လိုက်သလိုမျိုးလို့ ဒီလို ဥပမာပေးတာ။

သီလပါရမီ၏ ဥပမာ

သီလပါရမီကိုကျတော့ ဘုရားလောင်း သူတော်ကောင်းကြီးက ဘယ်လို ဥပမာပေးလဲ။

"ယထာပိ စမရီ ဝါလံ၊ ကိသ္မိဉ္စိ ပဒ္မိလဂ္ဂိတံ။
ဥပေတိ မရဏံ တတ္ထ၊ နဝိကောပေတိ ဝါလမိ"။

အဓိပ္ပာယ်က- စမရီဆိုတဲ့ သားကောင်တစ်မျိုး ရှိတယ်။ သူရဲ့ အမြီးက အလွန်တရာမှ တန်ဖိုးရှိတယ်။ မင်းမြောက်တန်ဆာ ငါးပါးထဲမှာတောင် ထည့်ပြီးတော့ အသုံးပြုတယ်လို့ ဆိုတယ်။ အဲဒီ စာမရီသားကောင်ဟာ တစ်စုံတစ်ခု ဆူးခက်တို့ ချုံတို့နှင့် သူရဲ့အမြီး ငြိနေပြီဆိုလို့ရှိရင် အမြီးကို အလွန်တန်ဖိုးထားတဲ့အတွက်ကြောင့် မရုန်းဘူး။ အမြီးလေး ပြတ်သွားမှာစိုးလို့။ အဲဒီနားလေးမှာပဲ သေချင် သေပါစေ

http://www.dhammadownload.com

ဆိုတဲ့သဘောနဲ့ ရပ်ပြီးတော့ နေတယ်။ သူ့အမြီးကို သူ့အသက်ထက် ပိုပြီးတော့ တန်ဖိုးထားတယ်လို့ ဆိုတယ်။ ဒါဟာ သူ့ရဲ့သဘာဝ။ အဲဒီလိုပဲတဲ့-

တထေဝ တွံ စတူသု ဘူမိသု၊ သီလာနိ ပရိပူရယ။
ပရိရက္ခ သဒါ သီလံ၊ စမရီ ဝိယ ဝါလမိ။

စမရီသားကောင်ဟာ သူ့ရဲ့အမြီးကို အသက်စွန့်ပြီးတော့ ကာကွယ် စောင့်ရှောက်သလိုမျိုး သင်ဟာလည်းပဲ လေးပါးသော သီလတို့မှာ အသက်ကို စွန့်ပြီးတော့ လုံခြုံအောင် စင်ကြယ်အောင် စောင့်စည်းထိန်းသိမ်းပါလို့ သုမေဓာရှင်ရသေ့က သူ့ကိုယ်သူ ဆုံးမတယ်။

သီလလေးမျိုး

ဒီနေရာမှာ **'တထေဝ တွံ စတူသု ဘူမိသု'** သီလကို (၄)မျိုးလို့ ဒီလို ပြောတယ်။ သီလ (၄)မျိုးက ဘာတွေလဲဆိုတော့-

(၁) ပါတိမောက္ခသံဝရသီလ

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒီအမှုတွေကို မလွန်ကျူးရဘူး။ လွန်ကျူးလို့ရှိရင် ဘယ်လိုဘယ်လို

http://www.dhammadownload.com

အပြစ်သင့်စေလို့ မြတ်စွာဘုရားရဲ့ ပညတ်ချက်အာဏာတော်ကို စောင့်စည်း ထိန်းသိမ်းတာ။

ဒါကို ပါတိမောက္ခသံဝရသီလ။

(၂) ဣန္ဒြိယသံဝရသီလ

မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို စောင့်စည်းတာ။ မြင်ခြင်း, ကြားခြင်း, နမ်းရှုပ်ခြင်း, စားသောက်ခြင်း, တွေ့ထိခြင်း, တွေးကြံခြင်းတို့ကြောင့် ရာဂ ဒေါသ မောဟမဖြစ်ရအောင် စောင့်စည်း ထိန်းသိမ်းတာ။ အလွန်တရာမှ နက်နဲတဲ့ သီလတစ်မျိုးပေါ့။

(၃) အာဇီဝပါရိသုဒ္ဓိသီလ

အသက်မွေးဝမ်းကြောင်းမှု စင်ကြယ်အောင် ကြိုးစားပြီးတော့ ဆောက်တည်တဲ့ သီလမျိုး။

(၄) ပစ္စယသန္နိဿိတသီလ

ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး နှင့် ပတ်သက်ပြီးတော့ အပြစ်ကင်းအောင် ပညာနှင့် စဉ်းစားဆင်ခြင်ပြီးတော့ သုံးဆောင်တာ။

အဲဒီသီလကြီး လေးမျိုးကို မပျက်စီးအောင်

http://www.dhammadownload.com

ဘာလုပ်ရမလဲ။ စောင့်စည်းရမယ်။ 'စမရီ သားကောင်ဟာ သူ့ရဲ့ အမြီးကို အသက်စွန့်ပြီးတော့ ကာကွယ် စောင့်ရှောက်သလို သင်ဟာလည်းပဲ လေးမျိုးသော သီလတို့မှာ စောင့်စည်းရမယ်။ တကယ်လို့ ပျက်စီးဖို့ ကြံလာပြီဆိုလို့ရှိရင် အသက်သာ အသေခံလိုက် ဒီသီလကိုတော့ အပျက်စီးမခံပါနှင့်' ဆိုတဲ့ အနေအထားမျိုးနှင့် ဘုရားလောင်းက သူ့ကိုယ်သူ ဆုံးမတာ။

သီလပါရမီအရေးကြီးပုံ

ဒီနေရာမှာ စဉ်းစားစရာ ရှိတာက သီလဆိုတာနှင့် ပတ်သက်ပြီးတော့ အရေးပါပုံကလေး။ အခု အစဉ်အတိုင်း ပါရမီကို စဉ်းစားတဲ့အခါမှာတော့ ဒါနကို အရင်တွေ့တယ်။ ဒါနကို အရင်တွေ့လို့ ဒါနကို ကျင့်ပြီးမှ သီလဆောက်တည်ရမှာလား။ ပါရမီ (၁၀) ပါးကို အစဉ်အတိုင်း ကျင့်သွားရမှာလားဆိုတော့ အဲဒီလို မဟုတ်ဘူး။

ဘုရားလောင်းက စဉ်းစားတဲ့အခါမှာ သူ အရင်တွေ့တာကို အရင်ပြောလိုက်တာ။ ဒါနနှင့် သီလကို ဘယ်ဟာ အရင်ကျင့်ရမလဲဆိုရင် သီလကို အရင်

http://www.dhammadownload.com

ကျင့်ရမှာ။ ဒါကြောင့် ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေ အလှူဒါန ပြုပြီဆိုလို့ရှိရင် ဘုန်းတော်ကြီးတွေက သီလကို အရင် ပေးတာ။ ဖြူစင်တဲ့ သီလမှာ တည်ပြီးတော့ ပြုရတဲ့ဒါနဟာ အလွန်တရာ အကျိုးကြီးတယ်ပေါ့။

စွန့်နိုင်မှ ချမ်းသာမည်

ဦးဇင်းတို့ စဉ်းစားမိတာလေးကိုလည်း ပြောဦးမယ်။ အသက်ကိုစွန့်ပြီးတော့ သီလကို ဆောက်တည်ရမယ်ဆိုတဲ့ အနေအထားမျိုးက လူ့ဘဝမှာ အလွန်တရာမှ ကြုံရခဲမယ်လို့ ထင်ပါတယ်။ အသက်နှင့် သီလ ထိပ်တိုက်တွေ့လာတဲ့ အချိန်အခါမျိုး ဘယ်နှခါများ ကြုံဖူးလဲ။ မကြုံဖူးသလောက်ပါပဲ။

အဲဒီတော့ အသက်စွန့်တယ်ဆိုတာထက် လျှော့ပေါ့ပြီးတော့ နည်းနည်းလေး စဉ်းစားကြည့်စေချင်တာ။ အသက်စွန့်တဲ့ အနေအထားမျိုးကို ဒို့ မကျင့်နိုင်ဘူးဆိုရင်တောင် စီးပွားဥစ္စာနှင့် သီလ ထိပ်တိုက်တွေ့တာမျိုးကတော့ ကြုံရလိမ့်မယ်နော်။

အဲဒီလို ကြုံလာပြီဆိုရင် စီးပွားကို စွန့်သင့်သလား။ သီလကို စွန့်သင့်သလားဆိုရင် စီးပွားကို

http://www.dhammadownload.com

စွန့်သင့်တယ်။ ဒါပေမယ့် လူတွေကတော့ ဘာကို စွန့်သွားသလဲ။ သီလကိုပဲ စွန့်သွားကြတာ။

နောက် ကျန်းမာရေးနှင့်သီလ ထိပ်တိုက် တွေ့လာတာမျိုး ရှိနိုင်တယ်။ ကျောက်ကြားမှုနှင့် သီလ ထိပ်တိုက် တွေ့လာတာမျိုး ရှိနိုင်တယ်။ တခြားတခြား သော ကိုယ် တန်ဖိုးထားတဲ့အရာတွေနှင့် သီလထိပ်တိုက်တွေ့လာတာတွေ ရှိလာနိုင်တယ်။ အဲလိုမျိုး ရွေးဖို့ ကြုံလာပြီဆိုရင်တော့ ဘာကို ရွေးသင့်လဲ။ သီလကို ရွေးသင့်တယ်။ ဒါပေမယ့် လူအများစုကတော့ ဘာကိုပဲ ရွေးချယ်သွားကြတာလဲ။ သူတို့ မြတ်နိုးတဲ့ တန်ဖိုးထားတဲ့ အရာတွေကိုပဲ ရွေးချယ်သွားကြတယ်။

အသက်ကို စွန့်ရမယ်ဆိုတဲ့ ဥပမာဟာ အလွန်တရာမှ အဆင့်အတန်း မြင့်မားတယ်။ အသက်စွန့်သည်ထိ မကျင့်သုံးနိုင်ရင်တောင်မှ စီးပွားဥစ္စာထက် သီလကို ပိုတန်ဖိုးထားမယ် အခြား အခြားသော ငွေကြေး ကျောက်ကြားမှု။ ဒါတွေထက် သီလကို ပိုတန်ဖိုးထားမယ်ဆိုရင် လူသားတွေ အနေနှင့် အလွန်တရာ အဆင့်အတန်း မြင့်မားတယ် မဆိုနိုင်ဘူးလား။အဲဒီ အဆင့်လောက်ဆိုရင် တောင်တော် တော်တော်လှပြီ

http://www.dhammadownload.com

လို့ မပြောနိုင်ဘူးလား။ ပြောနိုင်တယ်။

အဲ့ဒါလေးကို ဦးဇင်းက နားလည်စေချင်တာ။ အသက်နှင့် မလဲနိုင်သော်လည်းဘဲ စီးပွါးဥစ္စာနှင့်တော့ လဲနိုင်သင့်တယ်ပေါ့။ ကျော်ကြားမှုတွေနှင့်တော့ လဲနိုင်သင့်တယ်ပေါ့။ တခြား တခြားသော အရာတွေနှင့်တော့ လဲနိုင်သင့်တယ်။ သီလကို တန်ဖိုးထားစေချင်လို့ ပြောပြတာ ဟုတ်လား။ သီလကို အသက်နှင့်ပါ လဲနိုင်ရင်တော့ အကောင်းဆုံးပေါ့။

သီလရှိလျှင် ရရှိမည့်အကျိုးကျေးဇူး

သီလနှင့် ပြည့်စုံလျှင် ဘယ်လိုအကျိုး ကျေးဇူးတွေ ရနိုင်မလဲ။ သီလပျက်စီးသွားလို့ ရှိရင်တော့ ဘယ်လို အပြစ်အနာအဆာတွေ ဘယ်လိုဆင်းရဲဒုက္ခတွေကို ရင်ဆိုင်ရနိုင်သလဲ။ သီလပြည့်စုံခြင်းရဲ့ အကျိုးကျေးဇူး၊ သီလ ပျက်စီးခြင်းရဲ့ အပြစ်အနာအဆာဒါတွေကို အသေးစိတ် သိသင့်တယ်။

သို့မှသာလျှင် သီလကို တန်ဖိုးထားပြီးတော့ အရေးတကြီး လုံခြုံအောင် ထိန်းသိမ်းတဲ့ အနေအထားကို ဒကာ ဒကာမတို့ ဦးဇင်းတို့ ရောက်နိုင်မှာ။ ဒါကြောင့် သီလနှင့် ပြည့်စုံလျှင် ဘယ်လို အကျိုး

http://www.dhammadownload.com

ကျေးဇူးတွေ ရနိုင်မလဲဆိုတာကို ဦးဇင်းတို့ ပြောပြမယ်။

သီလတန်ခိုး အကျိုးငါးပါး

အင်္ဂုတ္တိရ်ပါဠိတော် ပဉ္စကနိပါတ်ထဲမှာ ငါးပါးသီလနှင့် ပတ်သက်ပြီးတော့ပဲ မြတ်စွာဘုရား ဟောသွားတာ။ သီလနှင့် ပြည့်စုံလို့ရှိရင်တဲ့ အကျိုးကျေးဇူးငါးမျိုး ရမယ်ပေါ့။

(၁) သီလနှင့် ပြည့်စုံခဲ့သော် မမေ့မလျော့ခြင်းဆိုတဲ့ အကြောင်းတရားကြောင့် စီးပွားဥစ္စာတွေ အစုလိုက် အပြုံလိုက် ရနိုင်တယ်။

'သီလဝါ သီလသမ္မန္နော အပ္ပမာဒါဓိ ကရဏာ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ' သီလရှိတဲ့ ပုဂ္ဂိုလ်သည် မမေ့မလျော့ခြင်းတည်းဟူသော အကြောင်းကြောင့် အလွန်ကြီးကျယ် များမြတ်တဲ့ ဥစ္စာအစုအပုံကို ရနိုင်တယ်။

(၂) **သီလဝတော သီလသမ္မန္နဿ ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ**- အလွန်တရာကောင်းတဲ့ ကျော်စောသတင်းတွေ လူ့လောကကြီးမှာ ပျံ့နှံ့နိုင်တယ်။ ကိုယ့်ရဲ့ နာမည်ကောင်းပေါ့နော်။

http://www.dhammadownload.com

(၃) ပရိသတ်ထဲ သွားတဲ့ လာတဲ့အခါမှာ အလွန်တရာမှ မျက်နှာ ပွင့်လင်းတယ်။ **'အမကိုဘူတော'** မျက်နှာ မသာမယာဖြစ်တယ်ဆိုတာ မရှိဘူး။ အလွန်တရာ ကျက်သရေရှိတယ်။ ရဲရင့်တယ်။ လိပ်ပြာလုံတဲ့အတွက်ကြောင့် သူရဲ့မျက်နှာက ထည်ဝါမှုရှိတယ်။ လှတာ မလှတာနဲ့ မဆိုင်ဘူး။ ကိုယ်ကျင့်တရား ဖြူစင် သန့်ရှင်းတဲ့ပုဂ္ဂိုလ်ဟာ လူကြားထဲမှာ ရဲရဲဝံ့ဝံ့ရှိတယ်။ ကြည်ကြည်လင်လင် ရှိတယ်။

(၄) ဘဝရဲ့နောက်ဆုံးအချိန်မှာ ငါးပါးသီလ သာ တကယ် ပြည့်စုံ သန့်ရှင်း စင်ကြယ်မယ်ဆိုရင် **'သီလဝါ သီလသမ္မန္နော အသမ္မုဠ္ဎော ကာလံ ကရောတိ'** မတွေ့မဝေ၊ ကြည်ကြည်လင်လင်၊ ရဲရဲဝံ့ဝံ့ ကောင်းကောင်းမွန်မွန် သေရမယ်။ ရှောင်လို့မရတဲ့ ဒီသေခြင်းတရားကို အကောင်းဆုံး ရင်ဆိုင်နိုင်ဖို့ အတွက် သီလသည် အားအကိုးရဆုံး တရားဆိုတာကို နားလည်ရမယ်။

(၅) **သီလဝါ သီလသမ္မန္နော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂလောကံ ဥပပဇ္ဇတိ။** ခန္ဓာကြီး ပျက်စီးပြီးတဲ့နောက်မှ အလွန်မြင့်မြတ်တဲ့

http://www.dhammadownload.com

ကောင်းမွန်တဲ့ဘဝတွေကို ရနိုင်တယ်။

အမွေးကြိုင်ဆုံးရန်

အဲဒီအကျိုး ငါးမျိုးထဲက ဦးဇင်း စိတ်ဝင်စား တာလေးတစ်ခုက ဘာလဲဆိုတော့ **ကလျာဏောကိတ္တိသဒ္ဒေါ**-ဆိုတဲ့ ဒုတိယမြောက် အကျိုးကျေးဇူးပေါ့။ ကိုယ်ကျင့်တရား ကောင်းတဲ့ပုဂ္ဂိုလ်ရဲ့သတင်းဟာ အလွန်တရာ မွေးတယ်ဆိုတာလေး။

အခါတစ်ပါးမှာ ရှင်အာနန္ဒာကိုယ်တော်မြတ်က စပယ်နံ့တို့၊ စန္ဒကူးနံ့တို့၊ တောင်ဇလပ်ပန်းနံ့တို့ အလွန် မွေးကြိုင်တဲ့ အနံ့တွေ ရှိတယ်။ အဲဒီအနံ့တွေဟာ ဘယ် လောက်ပဲမွေးမွေး လေအောက်ကိုပဲ မွေးစေနိုင်တာ ကိုး။ လေအထက်ကို အညာကို ပြန်ဆန်တက်ပြီး မွေးစေနိုင်တဲ့ အနံ့ဆိုတာ လောကမှာ ရှိများရှိလေ သလားလို့ သူ စဉ်းစားတာ။

စဉ်းစားပြီးတဲ့အခါကျတော့ မြတ်စွာဘုရားကို 'လေရဲ့အထက်ကို ဆန်တက်နိုင်လောက်အောင် မွေး ပျံ့တဲ့ ရနံ့လောကကြီးမှာ ရှိနိုင်သလား'လို့ မေးတော့ မြတ်စွာဘုရားက ရှိနိုင်တယ်တဲ့။ အဲဒီအနံ့က ဘာလဲ ဆိုရင် သူတော်ကောင်းတွေရဲ့ သီလတည်းဟူသော

http://www.dhammadownload.com

ရန့်ပဲလို့ မြတ်စွာဘုရားက ဟောတာ။

နှ ပုပ္ပဂန္ဓော ပဋိဝါတမေတိ၊ နှ စန္ဒနံ တဂရမလ္လိကာ ဝါ။

စန္ဒကူးနံ့တို့၊ တောင်ဇလပ်ပန်းနံ့တို့ စပယ် ကြက်ရန်းနံ့တို့၊ အဲဒီပန်းရန့်တွေဟာ လေညာကို မရောက်နိုင်ဘူးတဲ့။ ဘယ်လောက် မွှေးကြိုင်တဲ့ ရန့် တွေပဲဖြစ်ဖြစ် လေညာကိုတော့ မရောက်နိုင်ဘူး။

နှ ပုပ္ပဂန္ဓော ပဋိဝါတမေတိ၊ နှ စန္ဒနံ တဂရမလ္လိကာ ဝါ၊
သတ္တာ ဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

ဘယ်လို အနံ့ကတော့ ရောက်နိုင်လဲဆိုတော့ သူတော်ကောင်းတွေရဲ့ ရန့်ကတော့ အရပ်ဆယ်မျက် နှာလုံးကို ရောက်နိုင်တယ်။ လေညာတင် မကဘူး နော်။ **'သတ္တာ ဂန္ဓော ပဋိဝါတမေတိ'** သူတော် ကောင်းတွေရဲ့ ရန့်ကတော့ နေရာတကာကို ရောက် နိုင်တယ်။

မြတ်စွာဘုရားက ဒီဂါထာလေးပါ ဆက်ပြီး တော့ ဟောတယ်။

"စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ၊
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော"

http://www.dhammadownload.com

ဇတေသံ ဂန္ဓဇာတာနံ- ဖြစ်ပေါ်နေတဲ့ ဒီအနံ့တွေထဲမှာ၊ **သီလဂန္ဓော အနုတ္တရော**- ကိုယ်ကျင့်သီလတည်းဟူသော ရနံ့သည်သာလျှင် အလွန်ကဲခံုး၊ အထူးမြတ်ခံုးဖြစ်တယ်။

ဒါကြောင့် ဒီရနံ့လေးတွေကို ကိုယ့်ရဲ့ဘဝမှာ သင်းပျံ့နေဖို့အတွက် မလိုအပ်ဘူးလား။ လိုအပ်တယ်။ ဒီအနံ့ကို လူတိုင်းလည်း ကြိုက်တယ်၊ သူတော်ကောင်းတို့ရဲ့ ရနံ့။ အထူးသဖြင့် ကိုယ်ကျင့်သိက္ခာ ဖြူစင်သန့်ရှင်းတယ်ဆိုတာကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ ဒီသတင်းစကား၊ ဒီအနံ့ဟာ အလွန်တရာမှ အနှစ်သာရ ရှိတယ်။

မစင်အိုးရွက်တဲ့ သိကြားမင်း

သီလရနံ့ဆိုတာနှင့် ပတ်သက်ပြီးတော့ တစ်ခုထပ်ပြီး ပြောချင်တာက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ သွေးဝမ်းတွေသွားတာကို ပရိသတ်အပေါင်း သူတော်ကောင်းတို့ အားလုံး သိတယ်နော်။

မြတ်စွာဘုရား ဝမ်းတွေသွားတဲ့ အခါကျတော့ မြတ်စွာဘုရားကို လူနာလာပြီး ပြုစုတာက ဘယ်သူလဲဆိုတော့ သိကြားမင်း။ မြတ်စွာဘုရားက သင်တို့

http://www.dhammadownload.com

နတ်တွေမှာ ငါတို့လူသားတွေရဲ့ အနံ့တွေဟာ ယူဇနာတစ်ရာလောက်ကတောင်မှ ခွေးသေကောင်ပုပ်ကို လည်ပင်းဆွဲထားသလိုမျိုး နံတယ်လို့ ဆိုတယ်။ ဒါကြောင့် ဘာဖြစ်လို့ လာတာလဲ၊ မလာနဲ့လို့ အမိန့်ရှိတာ။

မြတ်စွာဘုရားက အမိန့်ရှိတော့ သိကြားမင်းက ဘယ်လို ပြန်လည်လျှောက်တင်သလဲဆိုရင် အရှင်ဘုရားတို့ရဲ့ သီလရနံ့ဟာ အလွန်တရာမှ မွှေးပျံ့ပါတယ်။ အဲဒါကို အရမ်းနှစ်သက် မြတ်နိုးတဲ့အတွက်ကြောင့် မြတ်စွာဘုရားကို လာပြီး ပြုစုရတာပါတဲ့။

မြတ်စွာဘုရားရဲ့ မစင်အိုးကို ခေါင်းပေါ်ရွက်ပြီးသွားတော့ စွန့်တယ်တဲ့။ မြတ်စွာဘုရားရဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဒီရနံ့ကို နှစ်သက်လို့လည်း သူလာခဲ့တာလို့ သူကိုယ်တိုင် ပြောပြခဲ့တယ်။

လူသားတို့ တန်ဖိုးထားသောအရာ

လောကမှာ လူအချင်းချင်း မြတ်နိုးကြတယ်၊ တန်ဖိုးထားကြတယ်ဆိုတဲ့ အနေအထားမှာ ကိုယ်ကျင့်တရား ပြည့်စုံတယ်၊ ဖြူစင်တယ်၊ ရိုးသားတယ်၊ ဖြောင့်မတ်တယ်ဆိုရင် လူတွေဟာ တန်ဖိုးထားကြ

http://www.dhammadownload.com

တာပဲ။ ကိုယ်ကျင့်တရား မကောင်းဘူးဆိုရင် တန်ဖိုး ထားတဲ့သဘော မရှိနိုင်ပါဘူး။

သံယုတ်ပါဠိတော်မှာ တွေ့ရတာတစ်ခု ရှိတယ်။ သီလ သမာဓိနှင့် ပြည့်စုံတဲ့ စျာန်အဘိညာဉ် ရတဲ့ ရသေ့တွေကို သိကြားမင်းက သွားပြီးတော့ ရှိခိုးဦးချ တာ ရှိတယ်။ ရသေ့တွေကတို့ရဲ့ အနှံ့တွေဟာ သင်တို့ နတ်တွေအတွက် အလွန် ဆိုးရွားတယ်။ ဘာဖြစ်လို့ သင်ဟာ ဒီလို မြတ်မြတ်နိုးနိုး ပြုစုရသလဲ၊ ရှိခိုးရလဲ၊ လာရသလဲလို့ မေးတော့ သင်ရသေ့တို့ရဲ့ ရန်သည် တာဝတိံသာ နတ်ပြည်ထိတိုင်အောင် မွေးပျံ့တယ်လို့ သိကြားမင်းကိုယ်တိုင် ပြောဖူးတာလည်း ရှိတယ်။ 'ကလျာဏော ကိတ္တိသဒ္ဒေါ' ဆိုတာလေးကို အဲ့သလို မှတ်သားစေချင်တာ။

သုခပတ္ထနာသုတ္တန်

ဦးဇင်းတို့ သီလနှင့် ပတ်သက်ပြီးတော့ ဣတိဝုတ်ပါဠိတော်မှာ တွေ့ရတဲ့ သုခပတ္ထနာဆိုတဲ့ သုတ္တန် လေးက အလွန်မှ မှတ်သားစရာကောင်းတယ်။ အဲ့ဒီ သုတ္တန်မှာ မြတ်စွာဘုရားက ရဟန်းတွေကို ဘယ်လို ဟောပြထားသလဲဆိုတော့-

http://www.dhammadownload.com

(၁) ဟောဒီလောကကြီးမှာ ကျော်ကြားမှု၊ ထင်ရှားမှုဆိုတာကို ရချင်တယ်ဆိုရင် သီလကိုသာ ပြည့်စုံအောင် ဖြည့်ဆည်းပါ။

(၂) စီးပွားဥစ္စာနှင့် ပြည့်စုံချင်တယ်ဆိုလို့ ရှိရင်လည်းပဲ ကိုယ်ကျင့်သီလကိုသာ ပြည့်စုံအောင် ဖြည့်ဆည်းပါ။

(၃) ဘဝခန္ဓာ ပျက်စီးပြီးတဲ့နောက်မှာ နတ်ရွာလောကကို ရောက်ပြီးတော့ ချမ်းသာချင်တယ်ဆိုရင်လည်းပဲ သီလကိုသာ ပြည့်စုံအောင် ဖြည့်ဆည်းပါလို့ အဲဒီလို မြတ်စွာဘုရား ဟောတာရှိတယ်။ ဒါက အလွန်စဉ်းစားစရာ ကောင်းတယ်။

ကျော်ကြားမှုကို ရချင်တယ်ဆိုရင်လည်း သီလကိုသာ ဖြည့်ဆည်းပါ။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံချင်တယ်ဆိုရင်လည်း သီလကိုသာ ဖြည့်ဆည်းပါ။ တမလွန်လောကမှာ ကောင်းမြတ်တဲ့ဘဝကို ရချင်တယ်ဆိုရင်လည်း သီလကိုသာ ဖြည့်ဆည်းပါ။

သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ
ပသံသံ ဝိတ္တလာဘဉ္စ၊ ပေစ္စ သဂ္ဂေ ပမောဒနံ

http://www.dhammadownload.com

ကျော်ကြားမှု၊ စည်းစိမ်ဥစ္စာ၊ နတ်ရွာလောက ဒီအကျိုး (၃)မျိုးကို လိုချင်တယ်ဆိုလို့ရှိရင် ဘာလုပ်ရမလဲ ကိုယ်ကျင့်သီလကိုသာ ပြည့်စုံအောင် စောင့်စည်းရမယ်။

အူမတောင့်အောင် သီလစောင့်ရမည်

လူတွေတချို့ ပြောကြတာရှိတယ်။ အလွန်လည်း တွင်ကျယ်နေတဲ့ စကားတစ်ခုပေါ့။ 'အူမမတောင့်ဘဲနဲ့ သီလ မစောင့်နိုင်ဘူး' လို့ ပြောကြတာ ရှိတယ်။ ဘယ်လိုအနေအထားမျိုးမှာ ဘယ်လိုအခြေအနေကို ရည်ရွယ်ပြီးတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောသလဲဆိုတာတော့ မသိဘူး။ မြတ်စွာဘုရားက ဒီမှာ အတိအလင်း ပြောတာပဲ။ စီးပွားဥစ္စာနဲ့ ပြည့်စုံချင်တယ်ဆိုရင် ကိုယ်ကျင့်သီလကို စောင့်စည်းပါလို့ အတိအလင်း ပြောတာ။

ဒါကြောင့် ကျော်ကြားမှုကို ရချင်ရင်လည်း သီလကို ဖြည့်ဆည်းရမယ်။ စည်းစိမ်ဥစ္စာ ပြည့်စုံချင်တယ်ဆိုရင်လည်း သီလကို ဖြည့်ဆည်းရမယ်။ အနာဂတ်အရေးမှာ အလွန် ကောင်းမွန်တဲ့ဘဝကို ရချင်တယ်ဆိုရင်လည်းပဲ သီလကို ဖြည့်ဆည်းရမယ်။

http://www.dhammadownload.com

ဒီအတိုင်း အတိအလင်း မြတ်စွာဘုရား ဟောထား တာ။ ဒါကတော့ အပေါ်ယံဆန်တဲ့ အကျိုးကျေးဇူး တွေလို့ ဦးဇင်းတို့ ပြောကြပါစို့။

သီလအကျိုး အမျိုးမျိုး

သီလရဲ့ လေးနက်တဲ့ အဓိပ္ပာယ်၊ မြင့်မြတ်တဲ့ အကျိုးကျေးဇူးကို ဆက်ပြီးတော့ ပြောချင်သေးတယ်။ သီလဆိုတာက တကယ်တမ်းက သမာဓိ၊ ပညာတို့ရဲ့ တည်ရာအကြောင်းလို့ အားလုံး မှတ်သားဖူးပြီးသား။

အဲဒီ အချက်အလက်နှင့် ပတ်သက်ပြီးတော့ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်မှာ ဟောထားတာ ရှိတယ်။

(၁) ရဟန်းတို့ ကိုယ်ကျင့်သီလနှင့် မပြည့်စုံ လို့ရှိလျှင် သမ္မာသမာဓိဆိုတဲ့ မှန်ကန်တဲ့ တည်ငြိမ်မှု ဆိုတာ မရှိနိုင်ဘူး။

(၂) သမ္မာသမာဓိ မရှိရင် ယထာဘူတဉာဏ ဒဿနလို့ဆိုတဲ့ ဟုတ်သည့်အတိုင်း၊ မှန်သည့်အတိုင်း သိတဲ့ ဉာဏ်ပညာဟာ ချို့တဲ့သွားတယ်။

(၃) ဟုတ်သည့်အတိုင်း၊ မှန်သည့်အတိုင်း မမြင် ဘူးဆိုလို့ရှိရင် နိဗ္ဗိန္ဒဉာဏ်၊ ဝိရဇ္ဇဉာဏ်လို့ဆိုတဲ့ ငြီးငွေ့

http://www.dhammadownload.com

တဲ့သဘော၊ တပ်စွန်းမှု ကင်းတဲ့သဘောဆိုတဲ့ ဉာဏ်တွေကို မရနိုင်တော့ဘူး။

(၄) မငြီးငွေ့ဘူး၊ တပ်မက်မှု မကင်းဘူးဆိုလို့ ရှိရင် ဝိမုတ္တိ- လွတ်မြောက်တယ်ဆိုတာ သူ ဘယ်နည်းနှင့်မှ မရနိုင်ဘူး။

(၅) မလွတ်မြောက်ဖူးဆိုရင် ဝိမုတ္တိဉာဏဒဿနလို့ဆိုတဲ့ သူ့ကိုယ်သူ လွတ်မြောက်မှုကို သိတဲ့ဉာဏ်လည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အကျိုးအကြောင်းလေးတွေ ဆက်ကာဆက်ကာ မြတ်စွာဘုရား ဟောသွားတာ။

အဲဒီမှာ ဦးဇင်း အရှင်းသဘောကျတာက ဥပမာထည့်ပြီး ဟောတဲ့အချက်ကို သဘောကျတယ်။ သစ်ပင်တစ်ပင်မှာ-

(၁) အကိုင်း အခက် အရွက်တွေ ပျက်စီးနေတယ်ဆိုရင်

(၂) ဒီသစ်ပင်ဟာ အပွေး မပြည့်စုံဘူး။

(၃) အပွေးနှင့် မပြည့်စုံရင် အခေါက်တွေ မပြည့်စုံနိုင်ဘူး။

(၄) အခေါက် မပြည့်စုံလို့ ရှိရင် အကာ

http://www.dhammadownload.com

မပြည့်စုံနိုင်ဘူး။

(၅) အကာ မပြည့်စုံဘူးဆိုရင် အနှစ်လည်း မပြည့်စုံနိုင်ဘူး။

အကုန်လုံးက ဆက်စပ်နေတာ။ အခက်အလက်နှင့် ပြည့်စုံမှ အပွေးပြည့်စုံနိုင်တယ်။ အပွေးပြည့်စုံမှ အခေါက် ပြည့်စုံနိုင်တယ်။ အခေါက်ပြီး အကာ၊ အကာမှ အနှစ် ဒီလိုသွားရတာ။

ပရိသတ်အပေါင်း သူတော်ကောင်းတို့ ကိုယ့်ရဲ့ ဒီတရားခမ္မ အသိဉာဏ်တည်းဟူသော သစ်ပင်ကြီး အနှစ်တည်ချင်တယ်ဆိုလို့ရှိရင် သီလဆိုတဲ့ အခက်အလက်က စပြီးတော့ မပျက်စီးအောင် ဘာလုပ်ရမလဲ။ စောင့်စည်းရမယ်၊ ထိန်းသိမ်းရမယ်။

မတောင့်တဘဲ ပြည့်တဲ့ဆု

နောက် အဂ်ုတ္တိရ်ပါဠိတော် ဒသကနိပါတ်ထဲမှာ စေတနာကရဏီယ သုတ္တန်ဆိုတာ ရှိတယ်။ အဲဒါကိုတော့ ဦးဇင်းတို့ သီလရဲ့ အကျိုးကျေးဇူးတွေ ပြောတိုင်း မကြာမကြာ ထည့်ပြီးတော့ ပြောဖြစ်တယ်။

http://www.dhammadownload.com

သီလနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်သည်

(၁) ငါ့ရဲ့ စိတ်တွေ ရွှင်လန်းပါစေလို့ တောင့်တစရာ မလိုပါဘူး။ သီလနှင့် ပြည့်စုံရင် စိတ်ဟာရွှင်ကို ရွှင်လန်းမယ်တဲ့။ ဒါ ကိုယ် တောင့်တစရာ မလိုတဲ့ ကိစ္စ၊ သီလသာ ပြည်စုံအောင် လုပ်လိုက်။ စိတ်က ရွှင်ကို ရွှင်လန်းမယ်။

(၂) စိတ်ရွှင်လန်းမှုဖြစ်ရင် ဝမ်းမြောက်မှုဖြစ်မယ်။

(၃) ဝမ်းမြောက်ပြီဆိုလို့ရှိရင် ပီတိ-နှစ်သက်မှုဖြစ်မယ်။

(၄) ပီတိနှစ်သက်မှုဖြစ်ရင် ပဿဒ္ဓိ ငြိမ်းအေးမယ်။

(၅) ငြိမ်းအေးတယ်ဆိုလို့ရှိရင်လည်း ချမ်းသာဖို့အတွက် တောင့်တစရာ မလိုဘူး။ စိတ်ထဲမှာ ချမ်းသာတယ်နော်။

(၆) သုခ-ချမ်းသာပြီဆိုလို့ရှိရင် တည်ငြိမ်ဖို့အတွက် တောင့်တစရာ မလိုဘူး။ ချမ်းသာမှုရှိရင် တည်ငြိမ်မှုဆိုတာ အလိုအလျောက် ဖြစ်တယ်။

http://www.dhammadownload.com

(၇) တည်ငြိမ်ပြီဆိုရင် ယထာဘူတဉာဏဒဿန- ဟုတ်တိုင်းမှန်စွာ သိလာတယ်။

(၈) ဟုတ်တိုင်းမှန်စွာ သိပြီဆိုရင် ငြီးငွေ့ခြင်းစွဲမက်မှုကင်းခြင်းဆိုတဲ့ နိဗ္ဗိန္ဒ ဝိရဇ္ဇဖြစ်မယ်။

(၉) နိဗ္ဗိန္ဒ ဝိရဇ္ဇဖြစ်ရင် လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိတဲ့ဉာဏ်တွေဖြစ်မယ်။

ဒီအချက်လေးတွေကို အများကြီးသဘောပေါက်ထားဖို့ မလိုဘူးလား။ ကိုယ်ရဲ့ ကိုယ်ကျင့်သီလကိုသာ တကယ့်ကို တင်းပြည့်ကျပ်ပြည့် ကိုယ်ကိုယ်တိုင် ကျေနပ်အားရလောက်အောင် စောင့်စည်းထိန်းသိမ်းမယ်ဆိုရင် ဒါကိုလည်း ကိုယ်က မကြာမကြာ နလုံးသွင်းဆင်ခြင်မယ်ဆိုရင် အလိုအလျောက် စိတ်ရဲ့ ဝမ်းမြောက်မှုတွေ၊ ကြည်နူးမှုတွေ၊ နှစ်သက်မှုတွေ၊ တည်ငြိမ်မှုတွေနှင့် ကိုယ့်ရဲ့ တရားအဆင့်အတန်းဟာ မြန်မြန်ဆန်ဆန် မြင့်မသွားနိုင်ဘူးလား။ မြင့်သွားနိုင်တယ်။

သီလရှိလို့ရှိရင် အတိုချုပ်ပြောရရင်တော့ သမာဓိ ရှိပြီးတော့ ပညာရှိပြီးတော့ လွတ်မြောက်မှု တပ်မက်မှုကင်းမှု မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒါတွေပါ

http://www.dhammadownload.com

ရပြီးတော့ မသွားနိုင်ဘူးလား။ ရသွားနိုင်တယ်။ အဲဒီ အထိသွားတာ။ ဒါကြောင့် သီလရဲ့ အကျိုးကျေးဇူး တွေကို အနည်းဆုံး အဲဒီလောက်တော့ သိထားဖို့ မလို ဘူးလား။ လိုတယ်။

သီလပျက်ခြင်း၏ အပြစ်များ

သီလရဲ့ အကျိုးကျေးဇူးတွေကို နားထောင် ရင်းနှင့် 'ကြော်.. ပြည့်စုံရင် ဒီလို အကျိုးကျေးဇူး တွေ ရမယ်ဆိုရင် မပြည့်စုံရင်တော့ ဒါနဲ့ ဆန့်ကျင် ဘက် အပြစ်အနာတွေကို တွေ့ရမှာ'ပဲလို့ စဉ်းစား ထားရမယ်။ ဒါကြောင့် သီလနှင့် မပြည့်စုံဘူးဆိုလို့ ရှိရင် ဆန့်ကျင်ဘက်အကျိုးတွေကို ဆန့်ကျင်ဘက် အပြစ်အနာအဆာတွေကို ရင်ဆိုင်ရမှာပဲ။ ဟုတ်ရဲ့လား။

စီးပွားဥစ္စာတွေ ပျက်စီးနိုင်တယ်။ မကောင်းတဲ့ သတင်းတွေ ထွက်မယ်။ လူကြားထဲမှာ ကြွေ့ကြွေ့မရဲ၊ သိက္ခာမရှိ၊ မျက်နှာ အောက်ချပြီးတော့ နေရတတ်တယ်။ သေခါနီးမှာ တွေတွေဝေဝေ သေရတတ်တယ်။ ယုတ်ညံ့တဲ့ ဘဝတွေကို ရောက်သွားတတ်တယ်။ စောစောက ပြောခဲ့တဲ့ မြင့်မြတ်တဲ့ သမာဓိ ပညာစခန်း တွေမှာ တက်လှမ်းဖို့လည်း အလှမ်းဝေးနေတတ်တယ်။

http://www.dhammadownload.com

ဆီမီးခွက်ဥပမာ

ဒီနေရာမှာ ဦးဇင်းတို့ ရွှေကျင်ဆရာတော်ဘုရားကြီး ပြောတဲ့ စကားလေးတစ်ခွန်းပေါ့။ ဆီမီးခွက်ကလေးများ ထွန်းထားတယ်ဆိုရင် အလွန် လှတယ်။ အရောင်လည်း ထွက်ပြီးတော့ တောက်ပနေတယ်။ ငြိမ်းသွားပြီဆိုလို့ရှိရင်တော့ ညှော်စော် အလွန်နံတယ်တဲ့။ လုံအောင်ကို အုပ်ထားရတယ်နော်။

ဒီဥပမာက သီလကို တင်စားတာပါ။ သီလပြည့်စုံလို့ရှိရင် အလွန်တင့်တယ်တယ်တဲ့။ ပျက်စီးပြီဆိုတာနှင့် အနံ့ထွက်လာတယ်လို့ ဒီလိုပြောတာ စဉ်းစားစရာ မကောင်းဘူးလား။ ဒါ ပညာရှိသူတော်ကောင်းကြီးတို့ရဲ့ စကား။

မီးပြတိုက်ဥပမာ

နောက်တစ်ချက် ပြောချင်တာက လူငယ်တွေ အတွက် ရယ်ရွယ်ပြီးတော့ ပြောချင်တာပါ။ သီလနှင့် ပတ်သက်ပြီးတော့ ဆရာကြီးနန္ဒာသိန်းဇံ ရေးထားတဲ့ စာအုပ်ထဲမှာ ဦးဇင်းတို့ ဖတ်ရတာလေး။ သီလဆိုတာ မီးပြတိုက်နှင့် တူတယ်တဲ့။

ဟိုတုန်းက စစ်သင်္ဘောတစ်စင်း ပင်လယ်ထဲ

http://www.dhammadownload.com

သွားတော့ နှင်းမှုံတွေအောက်မှာ မီးရောင်ကို မြင်ရတယ်။ အဲဒါနှင့် စစ်သဘော်ပေါ်ကလူက လှမ်းပြီးတော့ အချက်ပေးလိုက်တာပေါ့။ တို့သဘော် လာနေတယ် လမ်းဖယ်ပေးပါ။ အဲသလို ပြောတဲ့အခါကျတော့ ဟိုကလည်း အကြောင်းပြန်တယ်။ လမ်းဖယ် မပေးနိုင်ဘူး။ မင်းတို့ပဲ ဒီနားက တိမ်းသွားဆိုတော့ အဲဒီတော့ စစ်သဘော်က စိတ်တိုပြီးတော့ ကဲ.. မင်း တိမ်းမပေးရင် ငါတို့ကတော့ ပစ်ရလိမ့်မယ်။ တို့က စစ်သဘော်လို့ဆိုတော့ ဟိုကလူကလည်း ပစ်ခါမှ ပစ်ရော့၊ တို့ကလည်း မီးပြတိုက်ပဲလို့ ပြောတယ်တဲ့။

မီးပြတိုက်ဆိုမှတော့ သူ့ကို ဝင်တိုက်လို့မှ မရဘဲ။ သူက စောင်းပေးလို့လည်း ရတဲ့အရာမဟုတ်ဘူး။ တိုက်မိမှာ စိုးလို့ရှိရင်တော့ ဘာလုပ်ရမလဲ ကိုယ်ကပဲ ရှောင်သွားရမယ်။

လူသားတစ်ယောက်အနေနှင့် ဒီ ငါးပါးသောကိုယ်ကျင့်သိက္ခာဆိုတာက ဝင်ပြီးတော့ တိုက်လို့ မရဘူး။ သူ့ဘက်က အလျှော့အတင်း လုပ်လို့ မရဘူး။ ဒါက အန္တရာယ်ရှိတယ်။ တိုက်မိရင် အကုန် ပျက်စီးမယ်။

http://www.dhammadownload.com

လောကကြီးကို ပျက်စီးစေသောတရား

တကယ်စင်စစ် ဦးဇင်းတို့ စဉ်းစားကြည့်တယ်ပေါ့နော်။ ငါးပါးသီလကို ဖောက်ဖျက်တယ်ဆိုတာက တကယ်တမ်းက သတ္တလောကကြီးကို ဒုက္ခပေးတာပဲ။ တစ်နည်းအားဖြင့် ပိုပြီးတော့ ရင့်သီးတဲ့ စကားလုံးနှင့် ပြောရမယ်ဆိုရင် သတ္တလောကကြီးကို ဖျက်ဆီးပစ်တာပဲ။

သူများအသက် သတ်တယ်။ ဒါက အသက်ကို တောင် ရန်ရှာတာနော်။ သတ္တဝါတိုင်း သတ္တဝါတိုင်း ကိုယ့်အသက်ကို မြတ်နိုးတယ်။ တစ်ခါ သူများပစ္စည်းကို မတရားယူတယ်ဆိုတာလည်း အလွန်ဆိုးတယ်။ ပိုင်ဆိုင်မှုဆိုတာ လူသားတွေရဲ့ ဒုတိယအသက်လို့ တောင် ဟိန္နျာဘာသာက ပြောတာပဲ။ အဲဒီပိုင်ဆိုင်မှုကို ဖျက်ဆီးတာနော်။ အိမ်ထောင်ရေး ဖောက်ပြန်တယ်။ ဒါ အလွန်အရေးပါတဲ့ သူတစ်ပါး လောကီချမ်းသာကို ဖျက်ဆီးတဲ့အတွက်ကြောင့် တစ်ဖက်သားမှာ အများကြီး စိတ်ဒုက္ခ ရောက်နိုင်တာပေါ့။

ဒီကိုယ်ကျင့်တရားငါးပါးသီလကို တစ်ခုချင်း စဉ်းစားကြည့်။ လိမ်ညာတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့

http://www.dhammadownload.com

လူတွေရဲ့ ယုံကြည်မှုကင်းမဲ့အောင် လုပ်လိုက်တာကိုး။ တစ်ဖက်လူက ကိုယ့်ကြောင့် သူတို့ရဲ့ ယုံကြည်မှုတွေ ပျောက်ဆုံးသွားတယ်။ ကိုယ့်ပေါ်မှာ ကောင်းမြတ်တဲ့ စိတ် မထားနိုင်တော့ဘူး။ လိမ်မှန်းသိရင်လေ။ အရက် သေစာ သောက်စားမယ်။ ဒါက ပိုတောင် ဆိုးသေးတယ်။ အရက်သေစာ မူးယစ်ဆေးဝါးဟာ ဘယ်လောက်ဆိုးလဲဆိုတာ သိချင်ရင်သူတို့ကြောင့် ဖြစ်နေတဲ့ ဆင်းရဲမှုတွေ ပူလောင်မှုတွေကို စဉ်းစားကြည့်ပေါ့။ ငါးပါးသော ကိုယ်ကျင့်တရား ပျက်စီးတာကို သေသေချာချာ စဉ်းစားမယ်ဆိုလို့ရှိရင် လောကကြီးကို ဖျက်ဆီးတာ၊ နှောင့်ယှက်တာ၊ ဒုက္ခပေးတာ။ ဒီလို မပြောနိုင်ဘူးလား။

အဲဒီလိုဆိုရင် ဦးဇင်းတို့ **ဇနေတိ သဒ်ဒိသံ ပါကံ** ဆိုတဲ့ ဒေသတော်အရ တူသောအကျိုးကိုတော့ ရရှိမှာပဲ။ သူများ ဒုက္ခပေးတယ်ဆိုရင် ကိုယ် ဒုက္ခရောက်လိမ့်မယ်။ ကိုယ်ဒုက္ခမရောက်ဘဲနဲ့ သူများကို ဒုက္ခပေးလို့ မရဘူး။ ဒါကို နားလည်ဖို့ လိုတယ်။

တချို့က သီလ စောင့်စည်းတယ်ဆိုတာကို အပေါ်ယံကြည့်ပြီးတော့ တစ်ဖက်သား သတ္တဝါတွေ

http://www.dhammadownload.com

အတွက်ပဲ ထိန်းသိမ်းတာလို့ ထင်နေကြတာရှိတယ်။ အဲဒါလည်း ဟုတ်တယ်။ ပိုပြီးတော့ နက်ရှိုင်းတာက ကိုယ့်အတွက်ကိုလည်း ကိုယ် ထိန်းသိမ်းတာ။ မထိန်းသိမ်းရင် သူတို့ကို ထိခိုက်စေသလို ကိုယ့်ကိုယ်ကိုလည်း ထိခိုက်မယ်။ ကိုယ့်ကိုယ်ကို ထိခိုက်တာကျတော့ လူတွေက မြင်နိုင်ခဲတယ်။

ဆန်သုံးထုပ်ဥပမာ

အဲဒီတော့ ဒီနေရာမှာ ဦးဇင်းတို့ ကိုယ်ကျင့်သီလတွေ ပျက်စီးနေတယ်ဆိုတာနှင့် ပတ်သက်ပြီးတော့ စံကင်းဆရာတော်ဘုရားကြီးပြောတဲ့ ဥပမာလေးရှိတယ်။ ဟိုတုန်းက နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးဆီကို ရောက်တယ်။ ဆရာတော်ကြီးက အလွန် ကြည်ညိုစရာ ကောင်းပါတယ်။ သက်တော်ရာကျော် နေရတယ်။

ဝန်ကြီးချုပ်ကို ဆရာတော်ကြီးက ဘာပြောလဲဆိုတော့ တစ်ခါတုန်းက ပြောဖူးတဲ့ ဥပမာလေးတွေ မှတ်မိသေးလားလို့ မေးတယ်တဲ့။

ဘာ ဥပမာပါလဲဘုရားဆိုတော့ ဆန်ထုပ် သုံး

http://www.dhammadownload.com

ထုပ်ဥပမာလေလို့ ပြောတယ်တဲ့။

ဒီဆန်ထုပ် သုံးထုပ်မှာ တစ်ထုပ်က ရဟန်းတွေအတွက် ရည်ညွှန်းတယ်ပေါ့။ တစ်ထုပ်ကတော့ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရတွေကို ရည်ညွှန်းတယ်ပေါ့။ တစ်ထုပ်ကတော့ တိုင်းသူပြည်သားတွေကို ရည်ညွှန်းတယ်ပေါ့။

အဲဒီ ဆန်သုံးထုပ်ကို ထည့်ပြီးတော့ အတူတူ ပြုတ်လိုက်မယ်။ သီလရှိတဲ့ အုပ်စုက ဆန်ထုပ်သည် နပ်စေခိုပြီး ပြုတ်လိုက်မယ်။ အဲသလိုခိုပြီး သုံးထုပ်စလုံး ပြုတ်လိုက်တာ။ ပြီးတော့ ဖွင့်ကြည့်တယ်။ တစ်ထုပ်မှ မနပ်ဘူးတဲ့။ ကောင်းရော့။

ဒါကြောင့် ဦးဇင်းတို့ စကားပုံတစ်ခု ကျွန်ရစ်တာပေါ့။ ဘုန်းကြီးက လူ၊ လူက ဘီလူးတဲ့။ ကြားဖူးတယ် မဟုတ်လား။ အဲဒါဘာကို ရည်ညွှန်းတာလဲ။ ကိုယ်ကျင့်သီလတွေ အားနည်းလာတဲ့ အနေအထားကို ရည်ညွှန်းတာ။

ဒါကြောင့် ကိုယ်ကျင့်သီလနှင့် ပြည့်စုံလို့ရှိရင် အကျိုးများပုံ၊ မပြည့်စုံလို့ရှိရင် အပြစ် အလွန်ကြီးပုံကို နားလည်ပြီးတော့ ကိုယ်ကျင့်သီလကို ထိန်းသိမ်း

http://www.dhammadownload.com

ကြဖို့ မလိုဘူးလား။ အဲဒီတော့ ဒီနေရာမှာ ကိုယ်ကျင့်သီလကို အသက်နှင့် လဲပြီးတော့ ထိန်းသိမ်းတဲ့ ဥပမာသာဓကလေးတစ်ခု ထည့်ပြီးတော့ ပြောချင်တယ်။

ဘူရိဒတ်နဂါးမင်း

အဲဒါက ဘာလဲဆိုတော့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ အားလုံး ကြားဖူးနားဝ ရှိထားတဲ့ အကြောင်းအရာတစ်ခုပါပဲ။ ဇာတ်ကြီးဆယ်ဘွဲ့ထဲက ဘူရိဒတ်ဇာတ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ ဘူရိဒတ်ဆိုတာက ဘုရားလောင်း နဂါးမင်းပေါ့။

ဘုရားအလောင်းက ဘာစဉ်းစားလဲဆိုတော့ သူတို့ နတ်နဂါးတွေက စည်းစိမ် အလွန်ကြီးတယ်။ နတ်နဂါးပြည်မှာ ဥပုသ်သီလ ဆောက်တည်ရတာ သန့်ရှင်းဖို့ သိပ်မလွယ်ဘူး။ စင်ကြယ်ဖို့ အရမ်း ခက်ခဲတယ်။ ဒါကြောင့် ငါ လူ့ပြည်သွားပြီးတော့ သီလဆောက်တည်မယ် ဆိုပြီးတော့ သူ့ဖာသာသူ အဓိဋ္ဌာန်ပြီး လူ့ပြည်လာ သီလဆောက်တည်တာ။

လူ့ပြည်မှာ ပုဏ္ဏားတစ်ယောက်နှင့် တွေ့တယ်။ တွေ့တဲ့အခါကျတော့ ဘူရိဒတ်နဂါးမင်းက မင်းငါ့ကို အနှောင့်အယှက် မပေးပါနှင့်။ မင်းရချင်တဲ့ စည်းစိမ်

http://www.dhammadownload.com

ကို ငါပေးပါ့မယ်။ ပုဏ္ဏားက သဘောတူပြီးတော့ မနှောင့်ယှက်ဘဲ သွားတယ်။

နောက် ခဏနေတော့ အဲဒီပုဏ္ဏားက နဂါးတွေ အသုံးပြုတဲ့ ပတ္တမြားတစ်လုံးကို ရလာတဲ့ အလမ္ဘာယ် ပုဏ္ဏားတစ်ယောက်နှင့် တွေ့တယ်။ ဘုရားလောင်း နဂါးမင်းကို တွေ့ခဲ့တဲ့ ပုဏ္ဏားက အဲဒီပတ္တမြားကို လိုချင်နေတာ။

လိုချင်တဲ့အခါကျတော့ အဲဒီပတ္တမြား ငါ့ကို ပေးပါပေါ့။ အလမ္ဘာယ်ပုဏ္ဏားက ဒီပတ္တမြားကို ရချင် တယ်ဆိုရင်တော့ နဂါးတစ်ကောင် ရှိတဲ့နေရာကို ငါ့ကို ညွှန်ပြနိုင်မယ်ဆိုရင်တော့ မင်းကို ပတ္တမြား ပေးမယ်။ အဲဒီမှာ ပုဏ္ဏားက ပတ္တမြားကို ယူပြီး နဂါးမင်းနေတဲ့ နေရာကို ပြတာ။ ရော့ပတ္တမြား.. ရော့နဂါးပေါ့။ ဒါပေမယ့် ပတ္တမြားက သူနှင့် မတန်တဲ့အခါကျတော့ လွတ်ကျပြီး မြေကြီးထဲ ဝင်သွားတယ်။

အလမ္ဘာယ်ပုဏ္ဏားကတော့ ဘုရားအလောင်း ကို တွေ့တဲ့အခါ အကြီးအကျယ် နှိပ်စက်တော့တာပဲ။ ဒါပေမယ့် ဒေါသဖြစ်လို့ သူကို ကြည့်လိုက်မယ်ဆို လို့ရှိရင် ဖွဲပြာတွေလို မွှာကြဲပြီးတော့ အကုန်လုံး

http://www.dhammadownload.com

ပြာကျသွားမယ်ပေါ့။ ငါ သူ့ကို ကြည့်လို့မဖြစ်ဘူး ဆိုပြီး မျက်လုံးကို စုံမှိတ်ထားတယ်တဲ့။ အဲဒါနှင့် မျက်လုံးကို စုံမှိတ်ထားရုံနှင့် စိတ်မချလို့ ခေါင်းကို အခွေကြားထဲ ထိုးထားတယ်တဲ့။ ကြည့်မိလို့ရှိရင် သူတို့သေသွားရင် သူ့သီလ ပျက်စီးမှာ စိုးလို့။ အဲဒါနှင့် တစ်ခါတည်း သူ အဓိဋ္ဌာန်လိုက်တယ်။

ဘယ်လိုအဓိဋ္ဌာန်လဲဆိုတော့ ငါ သေချင် သေပါစေ။ ငါ့ရဲ့အရေခွံကို ဆုတ်ပြီးတော့ ယူချင်လည်း ယူပါစေ။ ဒါမှမဟုတ် အရိုးကို ထွင်ပြီးတော့ ယူချင်လည်း ယူပါစေ။ ဘယ်လိုလုပ်လုပ် ငါ ဒီသီလကို လုံးဝ မပျက်စီးစေရဘူး။ ငါ့ရဲ့အသက်ကို စွန့်မယ်လို့ တစ်ခါတည်း အဓိဋ္ဌာန်လိုက်တယ်။

အလမ္ဗာယ်ပုဏ္ဏားက သူ့ကို ဖမ်းပြီးတော့ အလမ္ဗာယ်ပြလို့ အသပြာတစ်ထောင် ရမယ်ဆိုလို့ရှိရင် သင့်ကို ငါ လွှတ်မယ်ပေါ့။ ပထမ ပြတဲ့ပွဲမှာပဲ အသပြာတစ်ထောင် မကဘူး ရတယ်တဲ့။ သို့သော် ဘုရားလောင်းကို လွှတ်မပေးဘူး။ ဘုရားအလောင်းက ငါ့ကို မြန်မြန်လွှတ်အောင်၊ ငါသီလကို ကောင်းကောင်း ဆောက်တည်နိုင်အောင်၊ တရားကျင့်နိုင်

http://www.dhammadownload.com

အောင်၊ အသပြာတစ်ထောင်ရအောင် ငါ မြန်မြန်ရှာမယ်ပေါ့။ အဲဒါနှင့် ခေါင်းငါးလုံး ခေါင်းဆယ်လုံး သူ အမျိုးမျိုး ဖန်ဆင်းပြတာပေါ့။ လူတွေကလည်း အရမ်း သဘောကျတဲ့အခါကျတော့ ပိုက်ဆံက ခဏလေးနဲ့ အများကြီး ရတယ်တဲ့။ ဒါပေမယ့် လောဘသားဆိုတော့ ဘယ်လောက်ရလို့မှ သူ့ကို မလွတ်ဘူး။

ဘုရားအလောင်း နဂါးမင်းက သူ ဘယ်လောက်ပဲ စိတ်တိုနေနေ တစ်ဖက်သားကို ပျက်စီးအောင် ဒုက္ခရောက်အောင် မလုပ်ဘူး။ သီလကိုတော့ သူ မဖျက်ဆီးဘူး။ နောက်တော့ သူရဲ့ ညီတွေ ညီမတွေနှင့် တွေ့တော့မှ လွတ်သွားတယ်။

ဘုရားအလောင်း သူတော်ကောင်းများ အသက်စွန့်ပြီးတော့ သီလပါရမီ ဖြည့်ဆည်းတဲ့ အကြောင်းအရာတွေက ပိဋကတ်ထဲမှာ အများကြီး မှတ်တမ်းတင်ထားတာတွေ ရှိတယ်။

ဘာဖြစ်လို့ သူတို့က ဒီလို အသက်စွန့်ပြီးတော့ သီလကို စောင့်ရှောက်ကြတာလဲလို့ မေးရင် သီလပျက်စီးရင် ရရှိမည့် အပြစ်အနာအဆာကို သူတို့ ရင်မဆိုင်ချင်ဘူး။ ဟုတ်လား။ နောက်တစ်ချက်က

http://www.dhammadownload.com

သီလနှင့် ပြည့်စုံလို့ရှိရင် ရရှိမည့် အကျိုးရလဒ်ကို သူတို့ ရချင်တယ်ပေါ့။

ဒါကြောင့် ဘုရားအလောင်း သူတော်ကောင်း ကြီးများဟာ သီလနှင့် အသက် ထိပ်တိုက် တွေ့လာ တဲ့အခါမျိုးမှာတောင်မှ အသက်ကို မရွေးဘူး။ သီလကို ရွေးကြတယ်။

သီလရဲ့ လေးနက်တဲ့အခန်းကဏ္ဍကို နားလည် ရင် နားလည်သလောက် သီလရဲ့အပေါ်မှာ ဒကာ ဒကာမတို့၊ ဦးဇင်းတို့တစ်တွေဟာ တန်ဖိုးထားပြီး တော့ ကျင့်သုံးကြမှာနော်။

သီလဆိုတာ ကမ္ဘာလောကကြီးရဲ့ နိယာမ တရားနော်။ သူ့အလိုအလျောက် ဖြစ်ပေါ်နေတဲ့ ဥပဒေ လို့ ဆိုကြပါစို့။ ဘယ် ဘာသာဝင်ပဲဖြစ်ဖြစ်၊ ဘယ် လူမျိုးပဲဖြစ်ဖြစ် သူများအသက် သတ်ရင်တော့ အပြစ် ရှိတာပဲ။ သူများပစ္စည်း ယူရင်တော့ အပြစ်ရှိတာပဲ။ ဒါကြောင့် သီလကို ပြည့်စုံအောင် ကြိုးစားအားထုတ် ကြဖို့ အရေးကြီးတယ်။ ပြောခဲ့တာတွေ အကုန်လုံးရဲ့ ရည်ရွယ်ချက်က သီလကို ပြည့်စုံအောင် ကျင့်သုံးကြ ဖို့။ ဒါပဲနော်။

http://www.dhammadownload.com

ကာလအပိုင်းအခြားရှိသော သီလ

သီလကို ပြည့်စုံအောင် ဖြည့်ဆည်းတဲ့ နေရာမှာလည်း မင်းကွန်းဆရာတော်ဘုရားကြီးက အများကြီး အကျယ်တဝင့် ရှင်းပြတယ်။ တစ်သက်လုံး ငါကတော့ ဒီသိက္ခာပုဒ်တွေကို ဘယ်တော့မှ မလွန်ကျူးတော့ဘူးလို့ အပိုင်းအခြားမရှိ ဆောက်တည်တဲ့ သီလ ရှိသလို၊ ဘယ်အချိန် ဘယ်ကာလပဲ ငါ ဆောက်တည်မယ် ဆိုပြီးတော့ ကာလအပိုင်းအခြားနှင့် ဆောက်တည်တဲ့ သီလလည်း ရှိတယ်။

အဲဒါလေးက စိတ်ဝင်စားစရာ ကောင်းတယ်။ ဒကာ ဒကာမတို့ ဦးဇင်းတို့ ပုထုဇဉ်တွေဆိုတော့ စိတ်ကို မနိုင်သေးတဲ့အခါကျတော့ အပိုင်းအခြားမဲ့ သီလကို ဆောက်တည်ဖို့ဆိုတာက အရမ်းကြီး မလွယ်သေးဘူး။ ဆိုကြပါစို့- ဥပုသ်ဆောက်တည်ပြီ ဆိုလို့ ရှိရင် အပိုင်းအခြားက ဘယ်လောက်လဲ။ တစ်ရက်ပေါ့။

ဒီနေရာမှာ ဆရာတော်ကြီးက ရှင်းပြတာက အရမ်း မှတ်သားစရာ ကောင်းတယ်။ ကလေးတွေအတွက် ဥပုသ်သီလကို ဆောက်တည်တဲ့ နေရာမှာ

http://www.dhammadownload.com

တကယ်လို့ ညစာ မစားဘဲ မနေနိုင်လို့ရှိရင် မနက် ပိုင်းတင် ပိုင်းခြားပြီး ဆောက်တည်လို့ ရတယ်တဲ့။ ဘယ်လောက်ပဲ ဆောက်တည်နိုင် ဆောက်တည်နိုင်၊ ဆောက်တည်နိုင်တဲ့ အချိန်လေးကတော့ အကျိုး ရှိတာပဲ။ ဒါကို ရည်ညွှန်းတာ ဟုတ်လား။

တစ်ထိုင်အတွင်းမှာပဲ၊ ကျောင်းသွားတဲ့ အချိန် မှာပဲ ဆောက်တည်မယ်ဆိုရင်လည်း ဆောက်တည် လို့ ရတယ်။ တစ်ရက်လုံး ဆောက်တည်နိုင်မှ တစ်နေ ကုန် ဆောက်တည်နိုင်မှ ဆောက်တည် ကောင်းတယ် လို့ အဲဒီလို မမှတ်ရဘူး။ ဘယ်လောက်လေးပဲ ဆောက်တည် ဆောက်တည်၊ ဆောက်တည်နိုင်ရင် ကောင်းတယ်။ ဆိုကြပါစို့၊ ယုတ်စွအဆုံး ညအိပ်ပြီ ဆိုရင်တော့ ဘယ်သူမှ သီလကို ဖောက်ဖျက်နေတာ မရှိဘူး။

ဘဝမှာ သီလကို ဖောက်ဖျက်တဲ့ အချိန်က အလွန်တရာမှ နည်းပါတယ်။ တကယ် ဖောက်ဖျက် နေတဲ့ အချိန်ကို ပြောတာနော်။ ကျန်တဲ့အချိန်က ကိုယ့် ဘာသာကိုယ်ဘဲ ပုံမှန် နေနေကြတာပဲလေ။ အဲဒီလို အနေအထားမျိုးလေးထဲမှာ သြော်...သီလကိုတော့

http://www.dhammadownload.com

ပြည့်စုံအောင် ငါ စောင့်စည်းမယ်ဆိုတဲ့ စိတ်ကူးနဲ့ အဓိဋ္ဌာန်ပြီးတော့ ဆောက်တည်နိုင်မယ်ဆိုရင် ဒါလည်း အများကြီး အကျိုးကျေးဇူး ရှိနိုင်တာဘဲ။

တချို့ကျတော့လည်းပဲ ဘဝပေး အခြေအနေအရ၊ ကိုယ့်စီးပွားရေး အခြေအနေအရ အနေအထား အမျိုးမျိုးကြောင့် သီလ ပျက်စီးခံနေကြရတာတွေ ရှိတယ်ပေါ့။ အဲ့ဒီလိုဆိုလို့ရှိရင် အဲ့ဒီလို လူမျိုးတွေအတွက် သီလဖောက်ဖျက်စရာမလိုတဲ့ ကျန်တဲ့အချိန်တွေမှာ သီလကို ပြည့်စုံအောင် စောင့်စည်းသင့်တယ်။

ဒါနှင့် ပတ်သက်ပြီးတော့ ဆရာတော်ကြီးက ဥပမာပြတာက မြတ်စွာဘုရားလက်ထက်က နာရဒမထေရ်ဆိုတာ ရှိတယ်။ ရှင်နာရဒက တစ်နေ့တော့ အလွန် ထူးခြားဆန်းကြယ်တဲ့ ပြိတ္တာတစ်ယောက်နှင့် တောအုပ်အစွန်နားမှာ တွေ့တယ်။

နေ့ခံညစ် ပြိတ္တာ

ဘဝသံသရာဆိုတာကလည်း ကြောက်စရာကောင်းသား။ အဲ့ဒီပြိတ္တာက ဘယ်လိုဖြစ်နေလဲဆိုရင် သူက နေ့ဆိုလို့ရှိရင် အရမ်း ဆင်းရဲတယ်တဲ့။ အလွန်ကြီးတဲ့ ခွေးကြီးတွေရဲ့ ကိုက်တာကို သူ ခံရတယ်တဲ့။

http://www.dhammadownload.com

ဒါပေမယ့် ညရောက်ပြီဆိုတာနှင့် အလွန်ကြီးကျယ်တဲ့စည်းစိမ်၊ နတ်ဘုံဗိမာန်တွေနှင့် နတ်သမီးတွေကို ရပြန်တယ်တဲ့။ သူ့ရဲ့ဘဝက အလွန် ဆန်းကြယ်တယ်။ နေ့မှာ ခံစားရတယ်။ ညမှာ စံစားရတယ်ပေါ့။

အဲ့ဒါကို တွေ့တဲ့အခါကျတော့ ရှင်နာရဒက မေးတယ်။ ဘယ်လိုအကြောင်းတရားတွေကြောင့် ဒီလိုဖြစ်ရတာလဲ။ အဲဒီလို မေးတဲ့အခါကျတော့ အဲ့ဒီပြိတ္တာက ပြောတယ်တဲ့။

အရင်ဘဝတုန်းက သူက မုဆိုးတစ်ယောက်ဖြစ်ခဲ့တာကိုး။ သူနှင့် အလွန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်း တစ်ယောက်လည်း ရှိတယ်။ အဲဒီ မိတ်ဆွေ သူငယ်ချင်းက သူ့ကို အလွန်တရာမှ မေတ္တာရှိတယ်။ သူ့ကို အလွန်မှလည်း ခင်မင်တယ်။ ဒီအလုပ်တွေကို မလုပ်စေချင်ဘူး။ ဒါပေမယ့်လို့ သူကလည်းပဲ ဘယ်လိုမှ တားလို့ မရဘူး။ သူငယ်ချင်းကတော့ မလုပ်နဲ့ ဒီအလုပ်တွေလို့ အမြဲတမ်း တားတာပဲ။

ဘယ်လိုမှ တားလို့မရတဲ့ အခါကျတော့ "မင်း နေ့ခင်းမှာပဲ သူများအသက်တွေကို သတ်လား ဖြတ်လား လုပ်နေတာ။ ညရောက်တဲ့ အချိန်မှာတော့ မင်း

http://www.dhammadownload.com

သီလလေးကို ပြည့်စုံအောင် စောင့်စည်းပါ'လို့ ပြော သတဲ့။ မရ ရတဲ့နည်းနှင့် သူငယ်ချင်းကို နစ်မွန်းမှာ စိုးလို့ ပြောတာ။ တကယ့်ကို စိတ်စေတနာ ကောင်း ကောင်းနှင့် စိတ်ပါလက်ပါ ပြောနေတာဆိုတော့ သူက လိုက်နာတယ်။ နေ့ကိုတော့ ဘယ်လိုမှ သူရဲ့ စီးပွားရေး မိသားစုအနေအထားအရ သူများအသက် ကို သတ်တဲ့ကိစ္စကို မလုပ်လို့ မရဘူး။ သူ လုပ်ရ တယ်။

ညကိုတော့ သူ စောင့်စည်းတယ်။ ညကို သီလ ဆောက်တည်ပြီးတော့ သူအိပ်တယ်ပေါ့။ အဲဒါကြောင့် မို့လို့ ညမှာ သူ ဒုက္ခ မတွေ့ရဘူး။ နေ့မှာတော့ ဒုက္ခ တွေ့တယ်။

ကာလပရိယန္တသီလ ဘာကြောင့်အကျိုးများ

ဒါလေးက အပေါ်ယံ စဉ်းစားကြည့်ရင်တော့ ညအိပ်နေတာ ဘာမှလည်း မဟုတ်ဘဲနှင့် ဘယ်လို လုပ်ပြီးတော့ စံစားစရာအကြောင်း ရှိမလဲလို့ စဉ်းစား စရာ ရှိတယ်။ ဒါပေမယ့် ကုသိုလ်စိတ်ဆိုတာက စိတ် ပေါ်မှာ အဓိက ပြဋ္ဌာန်းတာကိုး။ ငါ ဒီအချိန်မှာတော့ ဒါတွေကို မလွန်ကျူးတော့ဘူးဆိုပြီး စိတ်ထဲမှာ သန့်

http://www.dhammadownload.com

သွားတဲ့ ရှင်းသွားတဲ့၊ ကြည်သွားတဲ့ သဘောလေး ရှိမယ်။

ဒီလို မဟုတ်ဘဲ မကောင်းတဲ့ စိတ်အစဉ်ကို မဖြတ်တောက်တော့ဘဲ ကိုယ်က တစ်လုံးတစ်ထွေး ကြီး ရောထားလိုက်မယ်။ မထူးပါဘူးကွာ သီလက လည်း ဘယ်တော့မှ ပြည့်စုံတယ် မရှိပါဘူးဆိုပြီး သီလ စင်ကြယ်ဖို့ မကြိုးစားဘူးဆိုရင် စင်ကြယ်နေ တဲ့ အချိန်လေးမှာတောင်မှ စင်ကြယ်နေတယ်လို့ မသိဘူး။ အဲ့ဒါကြောင့် စင်ကြယ်နေတဲ့အချိန်လေးမှာ ကိုယ်က အလေးအနက်ထားပြီးတော့ တန်ဖိုးထား ပြီး သီလကို ဆောက်တည်မယ်ဆိုရင် အဲ့ဒီစိတ်နှင့် တန်တဲ့ အကျိုးရလဒ်ကိုတော့ ခံစားရဦးမှာပဲ။

ဒါလေးတွေကို နားလည်မှု ရှိရမယ်။ အဲ့ဒီလို ရသလောက်အချိန်လေးမှာ သီလကို ဆောက်တည် သွားမယ်ဆိုရင် ကိုယ်က ကျန်တဲ့အချိန်တွေမှာပါ သီလ နှင့် ပြည့်စုံတဲ့ အနေအထားကို တဖြည်းဖြည်းနှင့် ရောက်မသွားနိုင်ဘူးလား။

ဒါကြောင့် ကိုယ်ကျင့်သီလကို အရေးကြီးတယ် ဆိုတဲ့ အမြင်မျိုး ရှိဖို့လိုတယ်။ ဒါက သံသရာနှင့်

http://www.dhammadownload.com

ချီပြီး တွေးကြတဲ့အခါမျိုးမှာ အထောက်အကူ ပြုဖို့ အတွက် ဒီအချက်အလက်လေးတွေကို ဦးဇင်းတို့ ပြော ပြတာ။

ကိုယ်က သီလနှင့် မပြည့်စုံဘူးဆိုရင် သံသရာ ခရီး သွားတဲ့နေရာမှာ အများကြီး ဒုက္ခမရောက်နိုင် ဘူးလား။ ကိုယ်က ဒီဘဝတင် တရားထူး တရားမြတ် ရမယ်လို့ အာမ မခံနိုင်သေးဘူး။ ဘဝသံသရာခရီးကို ဒီအနေအထား အတိုင်းဆိုရင် သေချာပေါက် သွား ရဦးမှာ။

သွားရဦးမယ် ဆိုလို့ရှိရင် ဘဝသံသရာ ခရီး လမ်းကို လျှောက်လှမ်းတဲ့နေရာမှာ ဒုက္ခဖြစ်စေမယ့် သီလ ပျက်စီးမှုကြီးကို ရှောင်နိုင်ဖို့ မလိုဘူးလား။ လိုတယ်နော်။

သံသရာသွား သဘော်သား

ရွှေကျင်ဆရာတော်ဘုရားကြီး ရေးထားတာ လေးတစ်ခုရှိတယ်။

"မဟာဒမိ ဥတ္တရန္တာ၊ နာနာဘာယာ သုဘာယိနော၊
သကုလ္လာနမဘိန္နာယ၊ သဗ္ဗဒါဝ ဥသုက္ကရေ" တဲ့။

http://www.dhammadownload.com

ဒီဂါထာလေး အလွန်ကောင်းတယ်။

ဘာပြောတုံးဆိုတော့ '**မဟောဒမိ ဥတ္တရန္တာ၊ နာနာဘယာ သုဘာယိနော-** အလွန်တရာ အန္တရာယ် ထူပြောတဲ့ ပင်လယ်သမုဒ္ဒရာကို ဖြတ်မည့်ပုဂ္ဂိုလ်တွေ ဟာ 'သကုလ္လာန မဘိန္နာယ၊ သဗ္ဗဒါဝ ဥသုက္ကရေ' သူတို့ စီးထားတဲ့ သင်္ဘောတို့ လှေတို့ကို ခိုင်ခံ့အောင်၊ လုံခြုံအောင်၊ ကောင်းမွန်အောင် သူတို့ဟာ လုပ်ကို လုပ်ရမယ်တဲ့။ ဒါမှ ဘေးကင်းမှာကိုး။

"ဧမိ သရံ မယှံ သိဿာ၊ သဒါဏ္ဍဝံ သုတာရိနော။
သကုလ္လာနမဘိန္နာယ၊ သဗ္ဗဒါဝ ဥသုက္ကယုံ"

အဲဒီဥပမာအတိုင်းပဲတဲ့။ ဘဝသံသရာတည်း ဟူသော ပင်လယ်သမုဒ္ဒရာကို ဖြတ်ကြတဲ့ သတ္တဝါ တွေလည်း ကိုယ်စီးလာတဲ့ သင်္ဘောလှေနှင့် တူတဲ့ သီလကို မပျက်စီးအောင်၊ မပေါက်အောင်၊ မကျိုး အောင်၊ ကောင်းကောင်းမွန်မွန်ဖြစ်အောင် ဒါကို အမြဲ တမ်း လုံ့လ စိုက်သင့်တယ်တဲ့။

အလွန်ကောင်းတဲ့ ဥပမာနော်။ ဒါကြောင့် ဦးဇင်းတို့၊ ဒကာ ဒကာမတို့တစ်တွေ ကိုယ်ဟာ ရေ လမ်းခရီးကို သွားနေကြတယ်ဆိုရင် ကိုယ်စီးနေတဲ့

http://www.dhammadownload.com

သဘော်ကို၊ လှေကို ဂရုစိုက်ဖို့ မလိုဘူးလား။ ဒါ စိတ်ချရဖို့ လိုတယ်ပေါ့။ စိတ်မချရဘူးဆိုရင် အမြဲ တမ်း အန္တရာယ် တွေ့နိုင်တာပဲ။

အဲလိုပဲ သံသရာခရီး သွားနေကြတဲ့ ဦးဇင်းတို့ တစ်တွေဟာလည်း သီလကို အများကြီး အားကိုး အားထားပြုရမယ်။ ဘဝမှာ ပစ္စည်းဥစ္စာတွေ၊ တတ် ကျွမ်းထားတဲ့ ပညာတွေ၊ အသိုင်းအဝိုင်းတွေ၊ ဒါတွေ ကို လူတွေက အားကိုးပြီးတော့၊ အားပြုပြီးတော့ နေနေကြတာ။ ဒါတွေလည်းပဲ သူ့အတိုင်းအတာနှင့် သူတော့ နေနေတဲ့ အခိုက်အတန့်မှာတော့ အားကိုးရ ပါတယ်။ သို့သော် တကယ့်တကယ် ကိုယ်နှင့် မကွဲ မကွာ ရှိပြီးတော့ ကိုယ့်ကို စောင့်ရှောက်မည့်အရာက တော့ ကိုယ်ကျင့်သုံးထားတဲ့ သီလတရားပဲ ရှိတာ။

ကျန်တာတွေက ဒုက္ခဖြစ်ပြီဟော့ဆိုရင် သူက သူတို့နေရာမှာပဲ သူတို့ ရှိနေတာပဲလေ။ အထူးသဖြင့် တော့ ဘဝရဲ့ ရှောင်လွှဲလို့မရတဲ့ ပျက်စီးမှုဆိုတဲ့ သေဘေးကြီး ကြုံလာတဲ့အခါမျိုးမှာ ပစ္စည်းဥစ္စာတွေ ကလည်းပဲ အဲဒီအခြိန်မှာ ဘယ်လိုမှ သူတို့က အထောက် အကူ မပြုနိုင်တော့ဘူးဆိုတာ ထင်ရှားတယ်။

http://www.dhammadownload.com

မိသားစုဝင်တွေ၊ အသိုင်းအဝိုင်းတွေ ဒါတွေက ကိုယ် ပျက်စီးသွားတဲ့အချိန်မှာ အဓိပ္ပာယ်လည်း သိပ်မရှိတော့ဘူး။ ကိုယ့်အတွက် သိပ်ပြီးတော့ တန်ဖိုးလည်း မရှိတော့ဘူး။ အားလုံးကို ထားခဲ့ပြီးတော့ သွားရတော့မှာလေ။

အဲဒီအချိန်မှာ ကိုယ် ဘယ်လိုလူလဲ၊ ဘယ်လို နေခဲ့တာလဲဆိုတာကြီးက ကိုယ့်ဘဝမှာ အရမ်း အရေး ပါမလာဘူးလား။ ပါလာတယ်နော်။

ကိုယ်က ကိုယ်ကျင့်သီလ ဖြူစင်အောင် ထိန်း သိမ်းထားတယ်။ ကိုယ့်ဘာသာကိုယ် အမြဲတမ်း ဒါကို လည်းပဲ ဂရုစိုက်ပြီးတော့ စိစစ်ပြီးတော့လည်း နေ တယ်။ သတိလည်းထားတယ်ဆိုရင် ဒါက အများကြီး အားကိုးလို့ မရဘူးလား။

လူတစ်ယောက်အနေနဲ့ လူသားနဲ့ တူအောင် သီလနဲ့ ပြည့်စုံအောင် နေခဲ့ပြီပဲ။ သေစရာရှိတော့ လည်း သေပေါ့။ ဘယ် တတ်နိုင်မတုံး။ ကိုယ်တတ် နိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ။ သို့သော် ကိုယ်က ကောင်း ကောင်းမွန်မွန် ဖြူဖြူစင်စင် နေခဲ့တယ်ဆိုရင် ဘာ ကြောက်စရာရှိလဲ။ ဘာမှ ကြောက်စရာ မရှိဘူး။

http://www.dhammadownload.com

အပါယ် လေးဘုံဆိုတာ သီလပျက်စီးတဲ့ ပုဂ္ဂိုလ်တွေ နေတဲ့နေရာ။ သီလနှင့် ပြည့်စုံတယ်ဆိုရင် အပါယ် လေးဘုံဆိုတာ ကြောက်စရာ အကြောင်းမရှိဘူး။ အရိယာပုဂ္ဂိုလ်တွေ အပါယ်မကျဘူးဆိုတာ အရိယာ ဖြစ်သွားရင် သီလကို ဘယ်လို အကြောင်းကြောင့်မှ သူတို့က မဖျက်ဆီးတော့လို့ သူတို့က အပါယ်မကျတာ။

ကိုယ်က တကယ်လို့ အရိယာ မဖြစ်သေးဘူးဆိုရင်လည်းပဲ အရိယာတို့ ရရှိတဲ့ အကျိုးကျေးဇူးမျိုး ရချင်တယ်ဆိုရင် အရိယာတွေနှင့် တူအောင် သီလကို ပြည့်စုံအောင် လုပ်ရမယ်။

အရိယာသူတော်ကောင်းဖြစ်အောင် လုပ်နိုင်တယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။ အရိယာ မဖြစ်ကြသေးခင်မှာတော့ သီလကို ပြည့်စုံအောင် စောင့်စည်း ထိန်းသိမ်းပြီးတော့ ကိုယ့်ဘဝမှာ အာမခံချက်ရှိအောင် နေထိုင် ကျင့်သုံးကြဖို့ လိုတယ်။

သီလ ပြည့်စုံခြင်း။ ပျက်စီးရခြင်း အကြောင်းတရား

ဆက်ပြီးတော့ ဘာပြောချင်လဲဆိုတော့ အဲဒီလောက် အရေးကြီးတဲ့သီလရဲ့ ပြည့်စုံခြင်းရဲ့အကြောင်း

http://www.dhammadownload.com

တရား။ ပျက်စီးခြင်းရဲ့ အကြောင်းတရား။ ဒါလေး တွေကိုလည်း ပြောချင်သေးတယ်။

ဘာကြောင့် သီလတွေ ပြည့်စုံကြတာလဲ။ ဘာ ကြောင့် သီလတွေ ပျက်စီးကြတာလဲ။ အကြောင်း တရားတွေကတော့ အမျိုးမျိုးတော့ ရှိတာပေါ့။ ဒါပေ မယ့် အဓိကကျတဲ့၊ ပဓာနကျတဲ့ အကြောင်းတရား လေးတွေကိုလည်းပဲ နားလည်ဖို့ လိုတယ်။

'ကုဋ္ဌဓမ္မသုတ္တန်'မှာ မြတ်စွာဘုရား ဟောထား တဲ့ သီလပျက်စီးခြင်းရဲ့ အကြောင်းတရား၊ သီလ ပြည့်စုံခြင်းရဲ့ အကြောင်းတရား ဆိုတာလေးတွေ ရှိ တယ်။

'ကလျာဏ မိတ္တတာ သီလာနံ အဟာရော'

ကလျာဏမိတ္တတာ- မိတ်ကောင်းဆွေကောင်းနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ၊ **သီလာနံ**- သီလ ပြည့်စုံဖို့၊ သီလ တရားအတွက်၊ **အဟာရော**- အလွန်တရာ လုံလောက် တဲ့ အကြောင်းတရား အထောက်အပံ့ကြီးပဲတဲ့။

ဆိုလိုတာက မိတ်ကောင်းဆွေကောင်း ရှိမယ် ဆိုလို့ရှိရင် ကိုယ်ကျင့်သီလ ပြည့်စုံနိုင်တယ်။ မိတ် ကောင်းဆွေကောင်းဆိုတာ ကိုယ်ကျင့်သီလ ပြည့်စုံဖို့

http://www.dhammadownload.com

အတွက် အလွန်အားကောင်းတဲ့ အကြောင်းအထောက်အပံ့။

'ပါပမိတ္တတာ သီလာနံ ပရိပန္ထော'

မိတ်ယုတ်မာ ဆွေယုတ်မာ ရှိမယ်ဆိုရင်တော့ သီလပျက်စီးခြင်းရဲ့ အကြောင်းတရားပဲတဲ့။ ဒီမိတ်ဆွေယုတ်၊ မိတ်ဆွေကောင်းဆိုတာက သီလပေါ်မှာ အများကြီး လာပြီးတော့ လွှမ်းမိုးနေတယ်။

လူဆိုတဲ့သတ္တဝါဟာ အလွန် အတုခိုး မြန်တယ်ဆိုတာလေးနှင့် ဆက်စပ်ပြီးတော့ စဉ်းစားစေချင်တယ်။ မြင်နေရတယ်၊ ကြားနေရတယ်ဆိုရင် ဒါတွေက စိတ်ထဲမှာ ရောက်နေတယ်။

ကိုယ်နှင့် အတူတူနေတဲ့ လူက အလွန် ကောင်းတယ်ဆိုရင် ကိုယ် ဘာပဲ မြင်စရာရှိတုံး။ ကောင်းတာတွေပဲ မြင်စရာ ရှိတယ်။ ကောင်းတာတွေပဲ ကြားစရာ ရှိတယ်။

ကိုယ်နှင့် အတူတူနေတဲ့လူက မကောင်းဘူးဆိုရင် ကိုယ့်မှာ မကောင်းတာတွေ မြင်ရတယ်။ မကောင်းတာတွေ ကြားရတယ်။ မကောင်းတာတွေ တွေးမိတယ်။ သူ့ရဲ့ အမူအကျင့်၊ သူ့ရဲ့ စရိုက်ဆိုးတွေ

http://www.dhammadownload.com

ဟာ ကိုယ့်ဆီကို လွယ်လွယ်ကူကူ မကူးစက်နိုင်ဘူးလား။ ကူးစက်နိုင်တယ်။

မြတ်စွာဘုရားက ဥပမာနှင့် ပြောတာ။

"ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယ္ဟတိ။
ကုသာပိ ပူတီ ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ"

ငါးပုပ်ကို သမန်းမြက်နှင့် ထုပ်မယ်ဆိုလို့ရှိရင် အဲဒီငါးပုပ်ကြီး မရှိတော့တဲ့အခါမှာလည်း ဒီသမန်းမြက်ကတော့ ငါးပုပ်စော်တော့ နံနေတယ်တဲ့။ ငါးပုပ်က ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ဒါပေမယ့် သမန်းမြက်ကတော့ ငါးပုပ်နံ့ စွဲနေတယ်။ အဲဒီလိုပဲ **"ဧဝံ ဗာလူပသေဝနာ"** လူမိုက်နှင့် ပေါင်းတယ်ဆိုတဲ့ နေရာမှာ ဒီဥပမာကို နားလည်ရမယ်။

"တဂရဉ္စ ပလာသေန၊ ယော နရော ဥပနယ္ဟတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊ ဧဝံ မီရူပသေဝနာ"

တောင်ဇလပ်ပန်းကို ပေါက်ဖက်နှင့် ထုပ်လိုက်မယ်ဆိုရင်တော့ အဲဒီပေါက်ဖက်က တောင်ဇလပ်ပန်းနံ့ စွဲနေတယ်တဲ့။ တောင်ဇလပ်ပန်းလေး မရှိတော့တဲ့

http://www.dhammadownload.com

နောက်ပိုင်းမှာတောင်မှ ပေါက်ဖက်ကလေးဟတော့ တောင်ဇလပ်ပန်းနဲ့ကလေး စွဲကျန်ရစ်တယ်။

'ဧဝံ မီရူပသေဝနာ' အဲ့ဒီလိုပဲ ပညာရှိ သူတော်ကောင်းကို ပေါင်းသင်းတဲ့နေရာမှာ ဒီဥပမာကို နားလည်ရမယ်။

သီလနှင့် ပြည့်စုံဖို့၊ သီလ မပျက်စီးဖို့အတွက် ကိုယ့်ရဲ့ ပတ်ဝန်းကျင်မှာ ကိုယ် ပေါင်းသင်း ဆက်ဆံနေတဲ့ ပုဂ္ဂိုလ်တွေကို ကိုယ်အများကြီး ရွေးချယ်ဖို့ လိုတယ်။

ကောင်းတဲ့သူတွေနဲ့ ပေါင်းဖို့ဆိုတာကလည်း ကိုယ့်မှာ ကောင်းတဲ့စိတ်ထား ရှိမှဖြစ်မှာ။ ဒါကိုလည်း နားလည်ဖို့ လိုတယ်နော်။ သတ္တဝါတွေဟာ ကိုယ်နှင့် တူရာ တူရာကိုပဲ ပေါင်းသင်းကြတာကိုး။

ပေါင်းပြီဆိုကတည်းက ပေါင်းစရာ တူနေတဲ့ အကြောင်းတရားလေးတွေ ရှိနေတယ်။ ဒါကလည်း စိတ်ဝင်စားစရာတော့ အကောင်းသား။

ကိုယ်က မိတ်ကောင်းဆွေကောင်းနှင့် မပေါင်းသင်းနိုင်ဘူးဆိုရင် ကိုယ့်မှာ ကောင်းတဲ့ဓာတ် နည်းနည်းနေတယ်ဆိုတာလည်း နားလည်ဖို့ လိုတယ်။

http://www.dhammadownload.com

မကောင်းတဲ့လူကို မခွာနိုင်ဘူးဆိုရင်လည်း ကိုယ့်မှာ မကောင်းတဲ့ စိတ်ကလေးတော့ ရှိနေတယ်ဆိုတာကို သဘောပေါက်ရမယ်။ တစ်ဖက်သားကိုချည်း အပြစ်တင်လို့ မရဘူး။

ဒီလူ မဟုတ်ဘူးဆိုတာကို သိရဲ့သားနဲ့ ကိုယ့်မှာ အကြောင်းအမျိုးမျိုးကြောင့် သူနဲ့ အတူတူ နေဖြစ်နေတယ်။ ပေါင်းသင်း ဆက်ဆံမိနေတယ်ဆိုရင် ကိုယ့်မှာလည်း အဲ့ဒီလူနဲ့ တူနေတဲ့ ဓာတ်သဘာဝ ရှိနေတယ်ဆိုတာကို နားလည်ရမယ်။ ဓာတ်ဆိုတာ တူရာစုတဲ့သဘောရှိတယ်လို့ မြတ်စွာဘုရား ဟောထားတာပဲ။ ဟုတ်လား။

အဲ့ဒါကို ကိုယ်က နားလည်မှုမရှိဘဲ ဆက်ပြီး ပေါင်းသင်းနေမယ်ဆိုလို့ရှိရင် သူ့ရဲ့အကျင့်စရိုက်တွေ ကိုယ့်ကို ကူးစက်ပြီးတော့ ကိုယ်ဟာ သီလပျက်စီးတဲ့ အနေအထားကို ရောက်သွားတာဘဲ။

ပြောလိုတာက သီလနဲ့ ပြည့်စုံဖို့အတွက် မိတ်ကောင်း ဆွေကောင်းကို ပေါင်းသင်းကြရမယ် သီလ မပျက်စီးဖို့အတွက် မိတ်ယုတ်မာ ဆွေယုတ်မာကို ရှောင်ကြဉ်ကြရမယ်ဆိုတာပါပဲ။

http://www.dhammadownload.com

သီလပါရမီတရား အနှစ်ချုပ်

ပြောခဲ့တာတွေ အကုန်လုံး ပြန်ပြီးတော့ အနှစ်ချုပ် ကြည့်ရအောင်။

(၁) ပထမဦးဆုံး သုမေဓာရှင်ရသေ့ ဘုရားအဖြစ်ကို ပြုတတ်တဲ့ သဘာဝတရားတွေကို ရှာဖွေတဲ့အခါမှာ ဒုတိယမြောက် သီလပါရမီကို တွေ့ရတယ်။ စာမရီဆိုတဲ့ သားကောင်ဟာ အမြီးမှာ တစ်စုံတစ်ရာများ ငြိနေမယ်ဆိုလို့ရှိရင် အသက်သာ အသေခံလိုက်မယ်။ ဒီအမြီးကိုတော့ အပျက်အစီး မခံဘူး။ စာမရီသားကောင်လို အသက်ကိုသာ အသေခံမယ် သီလကိုတော့ အပျက်စီး မခံသင့်ဘူးဆိုတာကို ပြောခဲ့တယ်။

(၂) သီလနှင့် ပြည့်စုံရင် ရရှိမည့် အကျိုးကျေးဇူးနဲ့ သီလ ပျက်စီးမယ်ဆိုရင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတွေကို ပြောခဲ့တယ်။ သီလနှင့် ပြည့်စုံရင် ရရှိမည့် ကောင်းကျိုးချမ်းသာတွေကို အများကြီး ပြောခဲ့တယ်။ စည်းစိမ်ဥစ္စာတွေ အတုံးလိုက် အခဲလိုက် ရနိုင်တယ်။ ပရိသတ်ကြားမှာ ရဲရဲဝံ့ဝံ့ ရှိမယ်။ ကောင်းတဲ့ သတင်းတွေ ထွက်မယ်။ ဘဝရဲ့ နောက်

http://www.dhammadownload.com

ဆုံးအချိန်မှာ ရဲရဲဝံ့ဝံ့ ကွယ်လွန်အနိစ္စ ရောက်နိုင်တယ်။ နောက်ဆုံး ကောင်းမြတ်တဲ့ ဘဝတွေကို ရနိုင်တယ်။

(၃) သီလရဲ့ ရန်ဆိုတာနှင့် ပတ်သက်ပြီးတော့ လေညာကိုတောင် ဆန့်တက်နိုင်တယ်ဆိုတာကို ပြောခဲ့တယ်။ ဒီ သီလအနှံ့ကို နှစ်သက် မြတ်နိုးကြတဲ့ အတွက်ကြောင့် မြတ်စွာဘုရားရှင်ရဲ့ မစင်အိုးကို ခေါင်းပေါ်ရွက်တဲ့ သိကြားမင်း ပြောတဲ့စကားတွေကို ပြောခဲ့တယ်။

(၄) ကျော်ကြားမှုကို လိုလားတယ် ဆိုလို့ရှိရင်၊ စည်းစိမ်ဥစ္စာကို လိုလားတယ် ဆိုလို့ရှိရင်၊ ကောင်းမြတ်တဲ့ ဘဝတွေကို လိုလားတယ်ဆိုရင် သီလကိုသာ ပြည့်စုံအောင် ဖြည့်ဆည်းလိုက်ပါဆိုတဲ့ သုခပတ္ထနာသုတ်ကိုလည်း ဦးဇင်းတို့ ပြောခဲ့တယ်။

(၅) အဲဒီထက်ပိုပြီးတော့ လေးနက်တဲ့ သီလရဲ့ အကျိုးကျေးဇူးများအနေနှင့် သစ်ပင်တစ်ပင်ဟာ အခက်အလက် ပြည့်စုံမှ အပွေးပြည့်စုံမယ်။ အပွေးပြည့်စုံမှ အခေါက် ပြည့်စုံမယ်။ အခေါက်ပြည့်စုံမှ အကာပြည့်စုံမယ်။ အကာပြည့်စုံမှ အနှစ်ပြည့်စုံမယ်။

http://www.dhammadownload.com

ထို့အတူ သီလပြည့်စုံမှု **သမ္မာသမာဓိ**- မှန်ကန်တဲ့ တည်ငြိမ်မှု၊ **ယထာဘူတ ဉာဏဒဿန**- မှန်မှန်ကန်ကန် သိမြင်မှု၊ **နိဗ္ဗိန္ဒ ဝိရဂ္ဂ**- ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှု၊ **ဝိမုတ္တိဉာဏဒဿန**- လွတ်မြောက်မှု လွတ်မြောက်ခြင်းကို သိမှုလို့ ဆိုတဲ့ဉာဏ်တွေကို ရနိုင်တယ်။ ဒါကတော့ အလွန်လေးနက်တဲ့ အလွန် ကြီးကျယ်တဲ့ သီလရဲ့ ဂုဏ်ကျေးဇူး။ ဒါတွေ ပြောခဲ့တယ်။

(၆) သီလရဲ့ အပြစ်တွေအနေနဲ့ ဆီမီးခွက်များထွန်းညှိထားတဲ့အချိန်မှာ အရောင်ထွက်သလောက် ငြိမ်းသွားပြီဆိုရင်တော့ ဘာဖြစ်လဲ၊ သွေ့စော်နံတယ်။ အဲ့ဒါလည်း ပြောခဲ့တယ်။

(၇) နောက်ပြီးတော့ သီလဆိုတာ မီးပြတိုက်များနဲ့ တူတယ်။ အလျော့အတင်း လုပ်လို့ မရဘူး။ ဝင်တိုက်မယ် ဆိုရင်တော့ ကိုယ်ပဲ ခံရလိမ့်မယ်။ လောကကြီးရဲ့ အလွန်ဂရုစိုက်ပြီးတော့ စောင့်စည်းထိန်းသိမ်းရမည့် ငါးပါးသော ကိုယ်ကျင့်တရားကို ရည်ညွှန်းပြီးတော့ ပြောခဲ့တာ။

(၈) စံကင်းဆရာတော်ဘုရားကြီးပြောတဲ့ ဆန်

http://www.dhammadownload.com

သုံးထုပ်ဆိုတာလည်း မမေ့စေချင်ဘူးပေါ့ ဟုတ်လား။ ဆန် သုံးထုပ်ပြုတ်လိုက်တာ ဘယ်အထုပ်မှ မနပ်ဘူးတဲ့။ ဒါက သာသနာနောက်ပိုင်းမှာ လောဘ၊ ဒေါသ၊ မောဟ ထူပြောတဲ့ အနေအထားမျိုးမှာ ဒါတွေက ဒီလိုပဲ များပါတယ်။

သို့သော် အဲဒီအများစုထဲကနေ ကိုယ် ဖောက်ထွက်ပြီးတော့ ယုံကြည်မှု သဒ္ဓါတရားကို ရှေ့တန်းတင်ပြီးတော့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ကို ယုံကြည်သောအားဖြင့် သီလကို ဖြည့်ဆည်းနိုင်မယ် ဆိုလို့ရှိရင် ကောင်းကျိုးချမ်းသာကို မခံစားရပေဘူးလား။ ခံစားရနိုင်တယ်။ ဒါကြောင့် အသက်စွန့်ပြီးတော့ သီလကို စောင့်စည်းတဲ့ ဘူရိဒတ် နဂါးမင်း အကြောင်းလည်း ဦးဇင်းတို့ ပြောခဲ့တယ်။

(၉) သီလကို ရသလောက် အချိန်ပိုင်းဖြတ်ပြီးတော့ ကျင့်သုံးမယ်ဆိုရင်လည်း အလွန်ကောင်းတယ် ဆိုတာကိုလည်း မပြောခဲ့ဘူးလား။ ပြောခဲ့တယ်နော်။ တစ်ချိန်လုံး သီလစောင့်စည်းနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့။ သို့သော် ဘယ်အချိန်တွေမှာတော့ ငါ ပျက်တတ်တယ်ဆိုရင်တော့ ကျန်တဲ့ မပျက်တဲ့

http://www.dhammadownload.com

အချိန်လေးတွေမှာ ဂရုစိုက်ပြီးတော့ လုပ်ကြည့်ပေါ့။ လုပ်ကြည့်လို့ အဲဒီအရှိန်တွေက ကြီးလာရင် ပျက်တတ်တဲ့ အချိန်တွေမှာတောင် နောက်မပျက်ဘဲ ဖြစ်သွားတဲ့ အနေအထားမျိုးကို ရောက်မသွားနိုင်ဘူးလား။ လက်တွေ့ကျကျ ဦးဇင်းက ပြောပြတာပါ။

သီလမပျက်စီးတဲ့ အချိန်မှာ နေရတဲ့ စိတ်အနေအထားလေးက ဘယ်လိုလဲ။ သီလ ပျက်စီးနေတဲ့ အချိန်မှာ ဖြစ်တဲ့ စိတ်အနေအထားလေးက ဘယ်လိုလဲ။ ဘယ်ဟာက ပိုပြီးတော့ သဘောကျစရာ ကောင်းတယ်။ ဘယ်ဟာကတော့ တော်တော့်ကို အဆင်မပြေဘူးဆိုတာတွေကို သိလာနိုင်တယ်။ ဒါ့ကြောင့် အဓိက ပြောချင်တာကတော့ ဒီသီလကို ဂရုစိုက်ကြဖို့၊ ဟုတ်ရဲ့လား။

ဒါကြောင့် ညမှာ စောင့်ထိန်းလို့ ညမှာ သက်သာခွင့်ရတယ်။ နေ့မှာ မစောင့်ထိန်းလို့ နေ့မှာ ဆင်းရဲရတယ်ဆိုတဲ့ ရှင်နာရဒမထေရ်မြတ်ရဲ့ လက်တွေ့ ခံစားစံစားနေရတဲ့ ပြိတ္တာတစ်ယောက်ရဲ့ အကြောင်းလည်းပဲ ဦးဇင်းတို့ အတိုချုပ် ပြောခဲ့တယ်။

(၁၀) နောက်ဆုံး နိဂုံးချုပ်မှာ ပြောခဲ့တာက

http://www.dhammadownload.com

ဘာလဲဆိုတော့ ပင်လယ်သမုဒ္ဒရာကို ကူးကြတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ စီးထားတဲ့ လှေတွေ၊ သင်္ဘောတွေရဲ့ အနေအထားကိုတော့ သတိရှိရမယ်။ ခိုင်ခံ့မှုရှိအောင် သူတို့ဟာ ဝါယာမ စိုက်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ရေထဲမှာ သွားနေတာ။ သူတို့စီးနေတဲ့ သင်္ဘောလှေ ပျက်စီးမယ်ဆိုတာနဲ့ သူတို့ ပျက်စီးမှာပဲ။

အဲဒီလိုပဲ ဦးဇင်းတို့ သံသရာခရီးကို သွားနေကြတဲ့ သတ္တဝါတွေအနေနဲ့ ကိုယ်ကျင့်တရားဆိုတဲ့ သီလကို အမြဲတမ်း စိစစ်ဖို့ လိုတယ်။ သီလပျက်စီးရင်တော့ ကိုယ်စီးနေတဲ့လှေကြီး ပျက်စီးတာပဲ။ သီလပြည့်စုံတယ်ဆိုရင်တော့ ကိုယ်စီးနေတဲ့ သင်္ဘောလှေကြီး ကောင်းနေတဲ့အတွက်ကြောင့် သံသရာကြီး ကြောက်စရာကောင်းတယ် ဆိုဦးတောင်မှ ကောင်းကောင်း မွန်မွန်လေးတော့ သွားရဦးမယ်။ သီလ ပျက်စီးမယ်ဆိုရင်တော့ ကောင်းကောင်းမွန်မွန် သွားရမှာ မဟုတ်ဘူး။

တရားနိဂုံး

သီလနှင့် ပတ်သက်ပြီးတော့ ဦးဇင်းတို့ အကုန်လုံး စုံအောင် ပြောလိုက်ပါတယ်။ ပရိသတ်အပေါင်း

http://www.dhammadownload.com

သူတော်ကောင်းတို့သည် သီလပါရမီကို ကြိုးစားပြီးတော့ ဖြည့်ဆည်းကြရင်းနဲ့ လောကီအကျိုးတရား၊ လောကုတ္တရာ အကျိုးတရား၊ ပစ္စုပ္ပန် အကျိုးစီးပွား၊ သံသရာ အကျိုးစီးပွား ဒါတွေကို ရအောင် ရှာမှီးနိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

နောက်ဆုံး သီလရဲ့စွမ်းအားသတ္တိကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကိုတောင် မျက်မှောက်ပြုနိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေလို့ ဦးဇင်းတို့ ဆန္ဒပြုပြီးတော့ မေတ္တာပို့ရင်းဖြင့် သီလပါရမီတရားတော်ကို အဆုံးသတ်ကြရအောင်...။

အရှင်ဥတ္တမ
သစ္စာရွှေစည်ကျောင်းတိုက်
ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့။
(၁၉-၂-၂၀၁၇)